စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၁၂/၂၀၂၅**

myantrade

## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ယာကွန်ဥဈေးနှုန်းဈေးကွက်
- ပခုက္ကူမြို့မဈေး၌ အရောင်းအဝယ်သွက်နေသော မုန့်ဖတ်ခြောက်ထုပ် ဈေးနှုန်းဈေးကွက်အခြေအနေ
- မြိတ်ခရိုင်အတွင်း ပွင့်လင်းရာသီအထိ မိုးဆက်တိုက်ရွာသွန်းနေသဖြင့် ကွမ်းသီးခြောက်လုပ်ချိန်နောက်ကျနေ

### နိုင်ငံတကာဈေးကွက်

- ၅ နှစ်အတွင်း ဆန်တန်ချိန် ၁ သိန်းဝယ်ယူရန် ထိုင်းနှင့်စင်ကာပူနိုင်ငံတို့အကြား ကုန်သွယ်မှုသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့
- အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉ ဘီလီယံတန်ဖိုးရှိသော ဆန်များတင်ပို့ခဲ့သည့် ဗီယက်နမ်
- အိန္ဒိယသည် ဈေးကွက် ၂၆ ခုသို့ ဆန်တင်ပို့မှုမြှင့်တင်နိုင်ရန် ရှာဖွေနေကြောင်း APEDA ဥက္ကဋ္ဌ ပြောကြား
- ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ကမ္ဘောဒီးယား Malys Angkor ဆန် သတ္တမအကြိမ် ရွေးချယ်ခံရ
- ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ဗီယက်နမ် ST25 ဆန် တတိယအကြိမ် ရွေးချယ်ခံရ
- ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mrs. Suphajee Suthumpun သည် အမေရိကန်ဈေးကွက်အတွင်းသို့ ထိုင်းဆန်များတိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးခဲ့
- ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ထိုင်းဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုစတင်သွားရန်ရှိ
- မလေးရှားနိုင်ငံ၏ စားအုန်းဆီသိုလှောင်မှုများ အောက်တိုဘာလတွင်အမြင့်ဆုံးရောက်ရှိ
- တရုတ်နိုင်ငံက ထိုင်းနိုင်ငံ၏ သကြားအခြေခံထုတ်ကုန်များအပေါ် တင်သွင်းမှုပိတ်ပင်ခဲ့
- လာမည့် ဈေးကွက်ရာသီ၌ အိန္ဒိယ၏ သကြားတင်ပို့မှု တန်ချိန် ၂ သန်းသို့ မြင့်တက်ဖွယ်ရှိ
- အိန္ဒိယနိုင်ငံတွင် ပြောင်းဝယ်လိုအားကျဆင်းကာ သီးနှံများစံချိန်တင်ထွက်ရှိလာရန် မျှော်မှန်းချက်များကြောင့် ပြောင်းဈေးနှုန်းများ ကြမ်းခင်းဈေးအောက်သို့ ရောက်ရှိ
- အမေရိကန်မှ တိရစ္ဆာန်အစာ ပြောင်း တန်ချိန် ၁ သန်းတင်သွင်းရန် ထိုင်းနိုင်ငံအစိုးရအဖွဲ့က ခွင့်ပြုခဲ့
- စင်ကာပူ ပင်လယ်စာဈေးကွက်တွင် တည်ရှိမှုအားကောင်းနေသည့် ဗီယက်နမ်
- ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့သည် ပလောပီနံထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုး
- တရုတ်သည် အမေရိကန်ကို ကျော်တက်၍ ဂျာမနီ၏ ထိပ်တန်း ကုန်သွယ်ရေးမိတ်ဖက်ဖြစ်လာ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- အိန္ဒိယဗဟိုအစိုးရအဖွဲ့က ပို့ကုန်တင်ပို့သူများအတွက် ရူပီး ၄၅,၀၀၀ ကုဋေတန်ဖိုးရှိ အစီအစဉ် များအား အတည်ပြု
- အိန္ဒိယနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် အမေရိကန်အကောက်ခွန်များအပေါ် စိုးရိမ်မှုများကြားမှ ၁၇ ရာခိုင်နှုန်း တိုးတက်
- ကင်းလွတ်ဇုန်ကုမ္ပဏီများအား ဒူဘိုင်းကမ္ဘာ့ကုန်သွယ်ရေးစင်တာအာဏာပိုင်အဖွဲ့မှ ရှယ်ယာ မူဘောင်အသစ်များဖြင့် လုပ်ပိုင်ခွင့်များပေးအပ်
- ဘရာဇီးနိုင်ငံသို့တီလားပီးယားငါးပထမဆုံးတင်ပို့ခဲ့သည့် ဗီယက်နမ်
- ဥရောပသမဂ္ဂ၏ သစ်တောဥပဒေထုတ်ပြန်မှုအပြီးတွင် အင်ဒိုနီးရှားနိုင်ငံသည် မြောက်အာဖရိက နိုင်ငံအား စိုက်ပျိုးရေးထွက်ကုန်များတင်ပို့ရန် စိတ်ဝင်စားနေ
- အင်ဒိုနီးရှားကော်ဖီရောင်းချမှုအရှိန်မြှင့်တင်ရန်အင်ဒိုနီးရှားနှင့်တောင်ကိုရီးယားMoU လက်မှတ်ရေးထိုး
- အင်ဒိုနီးရှားနိုင်ငံသည်ပြည်တွင်းအထည်အလိပ်လုပ်ငန်းကိုကာကွယ်ရန် တစ်ပတ်ရစ်အဝတ်အထည်များ တရားမဝင်တင်သွင်းမှုကိုဖြိုခွဲခဲ့
- ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၅ ခုနှစ်၊ ၉ လအတွင်း ကန်ဒေါ်လာ ၁၀၁ ဒသမ ၇ ဘီလီယံရှိ
- သံသတ္တုရိုင်း၊ အခြေခံအဆောက်အအုံ အကြီးစားပရောဂျက်ကို ဂီနီတွင် စတင်လည်ပတ်ခဲ့
- ဖိလစ်ပိုင်နိုင်ငံမှ အော်ဂဲနစ်စားသောက်ကုန်များအား အိန္ဒိယဈေးကွက်သို့တင်ပို့ရန် ရည်မှန်းထား

## ပြည်တွင်းကုန်သွယ်မှုသတင်း

- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်နေမှု လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

## ပြည်ပကုန်သွယ်မှုသတင်း

- ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဆိုင်ရာနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အက်ခ်မက် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကျင်းပခြင်း

## အထူးဆောင်းပါးများ

- ဂျပန်အစိုးရ၏ စီးပွားရေးပြန်လည်ကောင်းမွန်စေရေးဆိုင်ရာ စီမံချက်တွင် ဈေးနှုန်းသက်သာစွာဖြင့် ဆန် ဝယ်ယူခွင့် ရရှိမည့် Rice Vouchers များ ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်
- အိန္ဒိယအနေဖြင့်ရုရှားရေနံစိမ်းအတွက် အခြားနိုင်ငံများမှအစားထိုးဝယ်ယူနိုင်သော်လည်း ကုန်ကျစရိတ်ကြီးမည်ဟု ဆန်းစစ်သူများထောက်ပြ
- အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ပဲစင်းငုံ သီးနှံ၏ ၄၀ ရာခိုင်နှုန်းနီးပါး ဆုံးရှုံးမှုရှိမည်ဟုခန့်မှန်း

## ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဈေးနှုန်းများ

## ပြည်တွင်းဈေးကွက်

### ယာကွန်ဥဈေးနှုန်းဈေးကွက်

ယာကွန်ပင်သည်နှစ်ရှည်ပင်ဖြစ်ပြီး ရှမ်းပြည်နယ်ရှိဒေသအများစုတွင် အများအပြားပေါက်ရောက်သည်။ မူလစိုက်ပျိုးရာဒေသမှာ တောင်အမေရိကတိုက်ဖြစ်ပြီး ကိုလံဘီယာနှင့် အာဂျင်တီးနားတွင်လည်း စိုက်ပျိုးကြသည်။ ယာကွန်ပင်သည်

အပေါ်ပိုင်းအပင်ခြောက်၍ အရွက်ကြွေကျချိန်တွင် မြေအောက်ရှိ ပင်စည်ဥကို တူးဖော်စားသုံးနိုင်သည်။ ယာကွန်ဥသည် စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ဈေးကွက်အတွင်းသို့စတင်ဝင်ရောက်လာပြီး တစ်ပိဿာလျှင် ၁၀,၀၀၀ ကျပ်ဖြင့် ရောင်းအားကောင်း၍ လူကြိုက်များသော သီးနှံတစ်မျိုးလည်း ဖြစ်ပေသည်။

ယာကွန်ဥတွင် အဆီအနည်းငယ်နှင့် ရေဓာတ်အများအပြားပါဝင်မှုကြောင့် ဝသောသူများနှင့် အထူးသင့်လျော်ပေသည်။ လူအများတို့၏အစားအာဟာရတွင် ယာကွန်ဥပါဝင်လာစေခြင်းဖြင့် ဆီးချိုသွေးချိုဝေဒနာအတွက်သော်လည်းကောင်း၊ ကိုယ်အလေးချိန်လျှော့ချလိုသူတို့အတွက်သော်လည်းကောင်း၊ မကောင်းသောအဆီနှင့်ကိုလက်ထရောတို့ကို လျှော့ကျခြင်းတို့အတွက်လည်းကောင်း၊ အရိုးအဆစ်များသန်မာစေခြင်းအတွက်လည်းကောင်း၊ ကင်ဆာကဲ့သို့နာတာရှည်ရောဂါများအတွက်လည်းကောင်း လွန်စွာအထောက်အကူပြုစေကြောင်း သုတေသနတွေ့ရှိချက်များမှဖော်ပြထားသည်ကိုလေ့လာတွေ့ရှိရသည်။

ထို့ကြောင့် ယာကွန်ဥသည်ကျန်းမာရေးအတွက် အထူးသင့်လျော်ပြီး ဈေးနှုန်းမှာလည်း ချိုသာသောကြောင့် ဝယ်ယူစားသုံးသင့်သော အသီးတမျိုးပင်ဖြစ်ပေသည်။ Source: https://www.doca.gov.mm/my/node/58554

## ပခုက္ကူမြို့မဈေး၌ အရောင်းအဝယ်သွက်နေသော မုန့်ဖတ်ခြောက်ထုပ် ဈေးနှုန်းဈေးကွက်အခြေအနေ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူဈေးကွက်၌ အခြေခံစားသောက်ကုန်များ ရောင်းချလျက်ရှိသော အရောင်းဆိုင်များတွင် နေ့စဉ်မုန့်ဖတ်ခြောက်ထုပ်များလည်း အရောင်းအဝယ်သွက် လျက်ရှိသည်။ မုန့်ဖတ်ကို ဆန်ဖြင့်ပြုလုပ်၍ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ မုန့်ဖတ်ခြောက်ထုတ်လုပ်သည့်စက်ရုံမှ မှာယူတင်သွင်း၍ ပခုက္ကူဈေးကွက်သို့ ဝင်ရောက်ကြောင်း၊ စားသုံးသူများအတွက် ခန္ဓာကိုယ်အားဖြစ်စေပြီး ကျန်းမာရေးနှင့်ညီညွတ်၍ ဈေးနှုန်းသင့်တင့် မျှတစွာဖြင့် အလွယ်တကူ ဝယ်ယူမှုရရှိခြင်းကြောင့် စားသုံးသူများအနေဖြင့် မုန့်ဖတ်သုတ်၊ မုန့်ဟင်းခါးအရည်ဖျော်ပြုလုပ်၍ မြန်မာ့ရိုးရာ အစားအစာအဖြစ် ရှေးယခင်နှစ်များစွာကတည်းက စားသုံးမှုများကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(ဒုတိယပတ်)တွင် မုန့်ဖတ်ခြောက်ထုပ်များဈေးငြိမ်၍ အရောင်းအဝယ်ဖြစ်နေကြောင်း၊ “ရွှေပုဇွန်” မုန့်ဖတ်ခြောက် ၅၀ ထုပ်ပါ တစ်ပါကင်လျှင် ကျပ် ၇၅,၀၀၀၊ ၂၅ ကျပ်သား တစ်ထုပ်လျှင် ကျပ် ၁,၆၀၀၊ စက်ကျ တစ်ပိဿာလျှင် ကျပ် ၂,၅၀၀ ဈေးဖြင့်အရောင်းအဝယ်ဖြစ်ကြောင်း၊ “ဒိုးပုံ” ဆန်ခေါက်ဆွဲ ၅၀ ကျပ်သားထုပ် ၂၀ ပါ တစ်ပါကင် လျှင် ကျပ် ၆၀,၀၀၀၊ ၅၀ ကျပ်သား တစ်ထုပ်လျှင် ကျပ် ၃,၀၀၀၊ စက်ကျ တစ်ပိဿာလျှင် ကျပ် ၃,၀၀၀ ဈေးနှုန်းဖြင့် အရောင်း အဝယ်သွက်နေကြောင်း၊ ယခု ကထိန်ရာသီချိန်ဖြစ်၍ အရောင်းအဝယ်သွက်နေပြီး မြိုင်၊ ရေစကြို၊ ယောနယ်ဒေသများမှလည်း ကုန်ကားများမှတစ်ဆင့်မှာယူပြီး ဝယ်ယူမှုများလျက်ရှိကြောင်း မုန့်ဖတ်ခြောက်ရောင်းချသူထံမှ သိရသည်။ Source: https://www.doca.gov.mm/my/node/58507

## မြိတ်ခရိုင်အတွင်း ပွင့်လင်းရာသီအထိ မိုးဆက်တိုက်ရွာသွန်းနေသဖြင့် ကွမ်းသီးခြောက်လုပ်ချိန် နောက်ကျနေ

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ၌ မိုးရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီ စတင်ရောက်ရှိလာပြီဖြစ်သော်လည်း မုန်တိုင်းအရှိန်ကြောင့် မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် ကွမ်းသီးခြောက်လုပ်သူများ လုပ်ငန်းခွင်ဝင်ရန် နောက်ကျနေကြောင်း၊ သီတင်းကျွတ်လတွင် ကွမ်းသီးအမှည့်ဆွတ်ခူးပြီး အခြောက်လုပ်၍ နေလှန်းကြလေ့ ရှိသော်လည်း လက်ရှိတွင် မိုးရွာသွန်းနေသဖြင့် ကွမ်းသီးမှည့်မခူးရသေးကြောင်း “ကွမ်းသီးအမှည့်တွေက ကြိုခူးထားရင် မိုးကလည်းနိုဝင်ဘာလအထိ ရွာချင်ရွာနေမှာ အဲဒီအခါ ကွမ်းသီးအမှည့်တွေက အပင်ပေါက်ကုန်မှာ” အခုတောင်မှ အပင်အောက်ကြွေကျတဲ့ အသီးတွေဆို ကွမ်းပင်ပေါက် ဖြစ်နေပြီလို့ ကျွန်းစုနှင့် ဘုတ်ပြင်းမြို့နယ်များရှိ ကွမ်းသီးစိုက်တောင်သူများထံမှ သိရသည်။

ကွမ်းသီးအမှည့်ကို ခူးဆွတ်ပြီးအခြောက်လုပ်ရန်အတွက် နေလှန်းပါက ရက် ၃၀ မှ ၄၅ ရက် အထိ ကြာမြင့်ကြောင်း ကွမ်းသီးနုခူးပြီးနောက် ကွမ်းပင်တွင်ကျန်ခဲ့သည့် လက်ကျန်ကွမ်းသီးအမှည့်များကို မခူးရသေးဘဲ နေပူမည့်ရက်ကို စောင့်နေသဖြင့် ကွမ်းသီးခြောက်ထွက်ရှိမှုနောက်ကျကြောင်း ကျွန်းစုနှင့် ဘုတ်ပြင်း မြို့နယ်များမှထွက်ရှိသော ကွမ်းသီးခြောက်များကို မြိတ်မြို့ရှိ ကွမ်းသီးခြောက် အဝယ်ဒိုင်များသို့ ပေးပို့ရောင်းချပြီး မြိတ်မြို့မှ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချကြောင်းနှင့် လက်ရှိ ကွမ်းသီး ခြောက် ၁ ပိဿာလျှင် ၁၇,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။
Source: https://www.doca.gov.mm/my/node/58480

## ၅ နှစ်အတွင်း ဆန်တန်ချိန် ၁ သိန်းဝယ်ယူရန် ထိုင်းနှင့်စင်ကာပူနိုင်ငံတို့အကြား ကုန်သွယ်မှုသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့

စားနပ်ရိက္ခာဖူလုံရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးခိုင်မာစေရန် ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သည် ၅ နှစ် အတွင်း ဆန်တန်ချိန် ၁ သိန်းအထိ ကုန်သွယ်မှုပြုရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း The Nation Thailand သတင်း ဝက်ဘ်ဆိုဒ်တွင် “Thailand and Singapore sign rice trade agreement for 100,000 tonnes over 5 years” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ထိုင်းနှင့် စင်ကာပူအစိုးရတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ(Memorandum of Cooperation-MOC)ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Suphajee Suthumpun က နိုဝင်ဘာလ ၄ ရက်နေ့တွင် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းစာချွန်လွှာသည် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် နှစ်နိုင်ငံ ကြားကုန်သွယ်ရေးဆက်ဆံရေး ခိုင်မာစေရန်ရည်ရွယ်၍ အစိုးရနှင့်အစိုးရ(G2G)သဘောတူညီချက်ဖြစ်ကြောင်း၊ သဘောတူညီချက်ကိုအကောင်အထည်ဖော်ရာတွင် အဓိကပါဝင်သည့်အေဂျင်စီများမှာ ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနနှင့် စင်ကာပူစားနပ်ရိက္ခာအေဂျင်စီ(SFA)တို့ဖြစ်ကြောင်း၊စာချွန်လွှာ၏အဓိကကဏ္ဍများတွင် လက်မှတ်ရေးထိုးသည့်နေ့မှစပြီး ၅ နှစ် အတွင်း ထိုင်းအစိုးရမှ စင်ကာပူအစိုးရထံ ဆန်တန်ချိန် ၁ သိန်း အထိရောင်းချရန် ကတိကဝတ်များပါဝင်ကြောင်း၊ အဆိုပါ သဘောတူညီချက်သည် စင်ကာပူ၏ လိုအပ်ချက်နှင့် နှစ်နိုင်ငံစလုံး၏ ထုတ်လုပ်မှုနှင့် သုံးစွဲမှုအခြေအနေပေါ်မူတည်၍ ၅ နှစ် သက်တမ်းတိုးနိုင်ကြောင်း သိရသည်။

အရောင်းအဝယ်တစ်ခုစီတိုင်းတွင် နိုင်ငံတကာဈေးကွက်ပေါက်ဈေးပေါ်မူတည်၍ ဝယ်ယူသည့်အခါတွင် ကြိုတင်ပုံသေဈေးနှုန်းသတ်မှတ်ထားခြင်းမရှိဘဲ ရောင်းချပေးမည်ဖြစ်ကြောင်း၊ ယင်းစာချွန်လွှာအရ ငွေပေးငွေယူများကို နိုင်ငံတကာကုန်သွယ်မှုကျင့်ထုံးများအတိုင်း စာဖြင့်ရေးသားဆောင်ရွက်မည်ဖြစ်ကြောင်း၊ စာချွန်လွှာသည် တန်ချိန်၁ သိန်း အပြည့်ဝယ်ယူရန်မလိုအပ်သည်မှာ မှတ်သားဖွယ်ဖြစ်ကြောင်း၊ အဆိုပါ သဘောတူညီချက်တွင် စင်ကာပူ၏လိုအပ်ချက်ပေါ်မူတည်၍ ကုန်သွယ်မှုပမာဏသည် ၅ နှစ်အတွင်း အများဆုံးတန်ချိန် ၁ သိန်းကို သတ်မှတ်ထားကြောင်း၊ ၅ နှစ်တာကာလအတွင်း နှစ်ဖက်သဘောတူဆန္ဒဖြင့် စာချွန်လွှာကိုပြန်လည်သုံးသပ်ခြင်း၊ပြင်ဆင်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲခြင်းများကို နှစ်ဖက်သဘောတူချက်ဖြင့် တောင်းဆိုနိုင်ကြောင်း၊ နှစ်ဖက်စလုံးသည် သံတမန်လမ်းကြောင်းများမှတစ်ဆင့် အနည်းဆုံးခြောက်လကြိုတင်အကြောင်းကြားစာပေးပို့ခြင်းဖြင့်သဘော တူညီချက်ကိုရပ်စဲနိုင်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံသည် စင်ကာပူသို့ ဆန် ၁၁၃,၅၄၉ တန်တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၀၂ ဒသမ ၁၄ သန်းရှိကြောင်း၊ ၂၀၂၅ ခုနှစ် ပထမ ၉ လ အတွင်း(ဇန်နဝါရီမှ စက်တင်ဘာလ)ထိုင်းနိုင်ငံသည် စင်ကာပူနိုင်ငံသို့ တန်ချိန် ၉၀,၀၃၁ တင်ပို့ခဲ့ပြီး ၂၀၂၄ ခုနှစ် ကာလတူပမာဏနှင့်နှိုင်းယှဉ်ပါက ၅ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း၊ ပို့ကုန်အများစုမှာ ထိုင်းစံပယ်ဆန် ၄၉ ဒသမ ၉၉ ရာခိုင်နှုန်း၊ ဆန်ဖြူ ၂၉ ဒသမ ၀၄ ရာခိုင်နှုန်းနှင့် ထိုင်းဆန်မွှေး ၁၆ ဒသမ ၂၆ ရာခိုင်နှုန်း တို့ဖြစ်ကြောင်း၊ လက်ရှိတွင် ထိုင်းသည် စင်ကာပူသို့ တတိယမြောက်ဆန်တင်ပို့သည့်နိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၂၂ ဒသမ ၃၄ ရာခိုင်နှုန်း၊ အိန္ဒိယက ၄၂ ဒသမ ၈၂ ရာခိုင်နှုန်းနှင့် ဗီယက်နမ်က ၂၈ ဒသမ ၁၀ ရာခိုင်နှုန်းအသီးသီးရှိကြောင်း သိရသည်။

Source: https://www.nationthailand.com/news/asean/40057892,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_13112025_13:18

## အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉ ဘီလီယံတန်ဖိုးရှိသော ဆန်များတင်ပို့ခဲ့သည့် ဗီယက်နမ်

ဗီယက်နမ်သည် ၂၀၂၅ ခုနှစ်အစမှ အောက်တိုဘာလ ၁၅ ရက်နေ့အထိတွင် ဆန်တန်ချိန် ၇ သန်းကျော် တင်ပို့ခဲ့သော်လည်း ပို့ကုန်လုပ်ငန်းရှင်များက ဝယ်ယူမှုနှေးကွေးသောကြောင့် ပြည်တွင်းစပါးနှင့် ဆန်ဈေးနှုန်းများကျဆင်းခဲ့ကြောင်း ဗီယက်နမ်အစားအစာအသင်း (VFA)၏ အဆိုအရ သိရသည်။ နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉ ဘီလီယံ တန်ဖိုးရှိသော ဆန်တန်ချိန် ၇ ဒသမ ၀၂ သန်း တင်ပို့ခဲ့ကာ ၂၀၂၄ ခုနှစ်တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ပမာဏတွင် ၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် တန်ဖိုးတွင် ၂၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း VFA အချက်အလက်များက ဖော်ပြခဲ့သည်။

အောက်တိုဘာလ စတုတ္ထမြောက် ရက်သတ္တပတ်တွင် 5% broken jasmine ဆန်ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ မှ ၄၃၅ ကြား ရောင်းချရန် ကမ်းလှမ်းခဲ့ပြီး ၂ လဆက်တိုက်ကျဆင်းခဲ့ကြောင်း သိရသည်။

ဟိုချီမင်းမြို့တော်ရှိကုန်သည်တစ်ဦးက ပြည်ပဝယ်လိုအားနည်းပါးမှုကြောင့် များစွာသော ပို့ကုန်လုပ်ငန်းရှင်များက စပါးဝယ်ယူမှုနှေးကွေးခဲ့ခြင်းက ပြည်တွင်းကုန်သွယ်ရေးကို ဆက်လက်ငြိမ်သက်စေခဲ့ကြောင်း ပြောကြားခဲ့သည်။ ပြည်တွင်းဈေးကွက်တွင် jasmine စပါးကို တစ်ကီလိုဂရမ်လျှင် ၅,၃၇၉ ဗီယက်နမ်ဒေါင်နှင့် ကုန်သွယ်လျက်ရှိကြောင်း သိရသည်။ သာမန်စပါးဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၅,၁၆၁ ဗီယက်နမ်ဒေါင်ဖြင့် ၄၆ ဗီယက်နမ်ဒေါင် မြင့်တက်ခဲ့ကြောင်း VFA ၏ အဆိုအရသိရသည်။

An Giang ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ဦးစီးဌာနက စပါးဈေးနှုန်းများသည် အမျိုးအစား အပေါ်မူတည်၍ တစ်ကီလိုဂရမ်လျှင် ၄,၈၀၀ မှ ၅,၉၀၀ ဗီယက်နမ်ဒေါင်ကြားတွင် ရပ်တည်နေကြောင်းနှင့် ပြည်နယ်၏ လက်လီဆန်ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၁၂,၀၀၀ မှ ၂၂,၀၀၀ ဗီယက်နမ်ဒေါင် ကြားဖြစ်ကြောင်း တင်ပြခဲ့သည်။ ထုတ်လုပ် မှုအပိုင်းတွင် စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက မဲခေါင်ဒယ်တာပြည်နယ်များသည် ၂၀၂၅ ခုနှစ် နွေရာသီ-ဆောင်းဦးရာသီ ကောက်ရိတ်သိမ်းရာသီတွင် ဟက်တာ ၁ ဒသမ ၂၄ သန်းနီးပါးစိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းမှုပြီးမြောက်ပါက အထွက်နှုန်း တစ်ဟက်တာလျှင် ၆ ဒသမ ဝ၆ သန်းရှိကာ ခန့်မှန်းစပါးတန်ချိန် ၇ ဒသမ ၅၁ သန်းနှင့် ညီမျှကြောင်း သိရသည်။ ဆောင်းဦးရာသီ- ဆောင်းရာသီကောက်ရိတ်သိမ်းရာသီအတွက်မူ စပါးစိုက်ခင်း ၇၆၃,၀၀၀ ဟက်တာ စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရသည်။ Vietnam Plus

Source: https://www.doca.gov.mm/my/node/56451

## အိန္ဒိယသည် ဈေးကွက် ၂၆ ခုသို့ ဆန်တင်ပို့မှုမြှင့်တင်နိုင်ရန် ရှာဖွေနေကြောင်း APEDA ဥက္ကဋ္ဌ ပြောကြား

ဆန်တင်ပို့မှုများ လျှင်မြန်စွာဖြင့် ကြီးထွားလျက်ရှိပြီး ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ယူကေနှင့် မက္ကဆီကို တို့အပါအဝင် ကမ္ဘာ့ဈေးကွက် ၂၆ ခုသို့ တင်ပို့မှုများမြှင့်တင်နိုင်ရန် အိန္ဒိယနိုင်ငံအနေဖြင့် ရည်ရွယ်ထားကြောင်း APEDA ဥက္ကဋ္ဌ Abhishek Dev က ပြောကြားခဲ့သည်။

အိန္ဒိယ၏ ဆန်တင်ပို့မှုသည် စက်တင်ဘာလအတွင်း ၃၃ ဒသမ ၁၈ ရာခိုင်နှုန်းတိုးတက်ကာ ဒေါ်လာ ၈၂၅ သန်းအထိ ရရှိခဲ့ကြောင်း၊ ဧပြီ-စက်တင်ဘာကာလအတွင်း၌ ၁၀ ရာခိုင်နှုန်းတိုးတက်ကာ ဒေါ်လာ ၅ ဒသမ ၆၃ ဘီလီယံအထိရရှိခဲ့ ကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့်စားသောက်ကုန်ပစ္စည်းများတင်ပို့မှုမြှင့်တင်ရေးအာဏာပိုင်အဖွဲ့(Agri-cultural and Processed Food Products Export Development Authority-APEDA)သည်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ဌာနခွဲတစ်ခုဖြစ်ပြီး နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများတင်ပို့မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။

အိန္ဒိယအပြည်ပြည်ဆိုင်ရာဆန်စပါးညီလာခံ (BIRC) 2025 အကြောင်း အခြေအနေရှင်းလင်းတင်ပြရာတွင် Dev က ၎င်းတို့သည် ဈေးကွက် ၂၆ ခုသို့ ဆန်တင်ပို့မှုများကိုတိုးချဲ့ရန်ရည်ရွယ်ထားကြောင်း၊ ထိုနိုင်ငံ ၂၆ ခုတွင် ဆော်ဒီအာရေးဗီးယား၊ ဗီယက်နမ်၊ အီရတ်၊ အမေရိကန်၊ မလေးရှား၊ တရုတ်၊ ပြင်သစ်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘရာဇီး၊ တောင်အာဖရိက၊ ဘယ်လ်ဂျီယမ်၊ ဂျပန်၊ ဂျာမနီနှင့် ကင်ညာနိုင်ငံများပါဝင်ကြောင်း၊ ယင်းနိုင်ငံများသည် ပါကစ္စတန်ကဲ့သို့သော အိန္ဒိယ၏ ပြိုင်ဘက်များထံမှ ဆန်အမြောက်အမြားတင်သွင်းနေသည့် နိုင်ငံများဖြစ်ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတကာဆန်စပါးညီလာခံကို ၂ ရက်ကြာကျင်းပပြုလုပ်မည်ဖြစ်ပြီး ၎င်းကို Indian Rice Exporters' Federation(IREF)မှ APEDA နှင့်ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

Dev ကယခုညီလာခံသည် ကမ္ဘာ့ဆန်ကုန်သွယ်ရေးတွင်ပွင့်လင်းမြင်သာမှု၊ ထိရောက်မှုနှင့် ဒဏ်ခံနိုင်မှုတို့ကို မြှင့်တင်ရန်အတွက် ထုတ်လုပ်သူများ၊ တင်ပို့သူများ၊ တင်သွင်းသူများ၊ မူဝါဒချမှတ်သူများ၊ ငွေကြေးထောက်ပံ့သူများ၊ ကုန်သွယ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ သုတေသနအဖွဲ့အစည်းများနှင့် အခြားဆက်စပ်ဝန်ဆောင်မှုပေးသူများအား စုစည်းပေးမည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံး ဆန်ထုတ်လုပ်သူနှင့် တင်ပို့သူများထဲမှတစ်ဦးဖြစ်ပြီး နိုင်ငံပေါင်း ၁၇၂ နိုင်ငံကျော်သို့ ဆန်တင်ပို့ပေးနေသဖြင့် BIRC 2025 သည် ပတ်သက်ဆက်နွယ်သူများ၊ ကမ္ဘာ့စားနပ်ရိက္ခာ ထောက်ပံ့ရေးကွင်းဆက်နှင့် သက်ဆိုင်သူများအား ၎င်းတို့၏အခန်းကဏ္ဍကို ခိုင်မာစေရန်အခွင့်အလမ်းတစ်ရပ်ဖြစ်စေမည်ဟု ၎င်းကထည့်သွင်း ပြောကြား ခဲ့သည်။

ယခုအခမ်းအနားသို့ လယ်သမား ၃,၀၀၀ ကျော်နှင့် လယ်သမားထုတ်လုပ်သူအဖွဲ့အစည်း (FPOs) များ၊ နိုင်ငံပေါင်း ၈၀ ကျော်မှ ဝယ်လက် ၁,၀၀၀ ကျော်နှင့် တင်ပို့သူ၊ စက်ရုံပိုင်ရှင်နှင့် ဆက်စပ်စက်မှု လုပ်ငန်းပေါင်း ၂,၅၀၀ ခန့်တက်ရောက် ကြမည်ဟု ခန့်မှန်းထားကြောင်းလည်း သိရသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယခုညီလာခံတွင်ဆန်တင်သွင်းမှုဈေးကွက်အသစ်များမှ ရူပီးဘီလီယံ ၁ ဒသမ ၈၀ သိန်းရရှိရန်နှင့်ပို့ကုန်နားလည်မှုစာချွန်လွှာ ရူပီး ၂၅,၀၀၀ ဘီလီယံရရှိရန် ရည်မှန်းထားကြောင်းပြောကြားထားသည်။

အိန္ဒိယသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် စိုက်ဧကဟက်တာ ၄၇ သန်းနီးပါးမှ ဆန်တန်ချိန် ၁၅၀ သန်းခန့် ထုတ်လုပ် ခဲ့ပြီး ကမ္ဘာ့စုစုပေါင်းထုတ်လုပ်မှု၏ ၂၈ ရာခိုင်နှုန်းခန့်ထွက်ရှိခဲ့သည်။

စပါးပျမ်းမျှအထွက်နှုန်းသည် ၂၀၁၄-၁၅ တွင် တစ်ဟက်တာလျှင်တန်ချိန် ၂ ဒသမ ၇၂ တန်သာထွက်ရှိရာမှ ၂၀၂၄-၂၅ တွင် မျိုးစေ့မျိုးကွဲများတိုးတက်ကောင်းမွန်လာခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ပိုမိုကောင်းမွန်လာခြင်းနှင့် ရေသွင်းဧရိယာ ကျယ်ပြန့်လာခြင်းတို့ကြောင့် တစ်ဟက်တာလျှင် တန်ချိန် ၃ ဒသမ ၂ ခန့်အထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

Source: India looks to increase rice exports to 26 markets : APEDA Chairman, The Economic Times, 24 October, 2025. , (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_06112025_14:61

## ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ကမ္ဘောဒီးယား Malys Angkor ဆန် သတ္တမအကြိမ် ရွေးချယ်ခံရ

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှ စတင်၍ ၃ ရက်ကြာ ကျင်းပခဲ့သော ကမ္ဘာ့ဆန် ညီလာခံ ၂၀၂၅ တွင် Malys Angkor အမည်အမှတ်တံဆိပ်ဖြင့် ဈေးကွက်တင်ရောင်းချနေသည့် ကမ္ဘောဒီးယား Phka Romdoul ဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ထပ်မံရယူခဲ့ပြီး ကမ္ဘာ့ဆန်စပါးနယ်ပယ်၌ ကမ္ဘောဒီးယားနိုင်ငံ၏ လွှမ်းမိုးနိုင်မှုကို ထပ်လောင်း၍ အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါညီလာခံကို စီစဉ်ကျင်းပသည့် The Rice Trader အဖွဲ့မှ ပေးအပ်သည့် အထက်ပါဆုသည် ကမ္ဘောဒီးယား နိုင်ငံအတွက် သတ္တမအကြိမ် ထိပ်တန်းဂုဏ်ထူးဆောင်ဆုအဖြစ် ပေးအပ်ချီးမြှင့်ခံရခြင်းဖြစ်သည်။ ယင်းထိပ်သီးညီလာခံသို့ ကမ္ဘာ့ဆန်စပါးလုပ်ငန်းနယ်ပယ်မှ ဦးဆောင်ထုတ်လုပ်သူများ၊ ကုန်သည် များနှင့် ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယား Phka Romdoul ဆန်သည် ၎င်း၏ နူးညံ့သောအသွင်အပြင်နှင့် ထူးခြားသော ပန်းရနံ့တို့ကြောင့် ယခင် ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၈၊ ၂၀၂၂ နှင့် ၂၀၂၄ ခုနှစ်များတွင် ကျင်းပခဲ့သော ကမ္ဘာ့အကောင်းဆုံးဆန် ရွေးချယ်ပွဲများ၌ ဆုများ ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နိုင်ငံ၏စိုက်ပျိုးရေးဂုဏ်သတင်းအတွက် သမိုင်း မှတ်တိုင်တစ်ခုအဖြစ် ဆုရယူနိုင်ခဲ့ခြင်းအားချီးကျူးဂုဏ်ပြုခဲ့ပြီး နိုင်ငံ၏အထင်ကရသီးနှံဖြစ်သည့်ဆန်ကို နိုင်ငံတကာမှ ချီးကျူးဂုဏ်ပြုခံရသည့်အတွက် လယ်သမားများ၊ ဆန်စက်များနှင့်ပို့ကုန်လုပ်ငန်းရှင်များအား ကျေးဇူးတင်ရှိကြောင်း ပြော ကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း နိုင်ငံတကာဈေးကွက် ၆၉ ခုသို့ ဆန် ၅၉၆,၃၄၁ တန် တင်ပို့ခဲ့လျက် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၈ ဒသမ ၉၃ သန်း ရရှိခဲ့ရာ ၂၀၂၄ ခုနှစ် အလားတူ ကာလအတွင်း ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃၅ ဒသမ ၄ သန်း ရရှိခဲ့မှုထက် ပို့ကုန်ဝင်ငွေ ပိုမိုတိုးတက်လာကြောင်း သိရသည်။ ထိုသို့ ဆန်တင်ပို့မှု၏ ထက်ဝက်ခန့်သည် ဥရောပနိုင်ငံ ၂၆ နိုင်ငံသို့ တင်ပို့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံနှင့် ၎င်း၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် ကမ္ဘောဒီးယားဆန်ကို ဒုတိယအများဆုံးတင်သွင်းသည့်နေရာ၌ ရပ်တည်နေသည်။

ဆန်မွှေးမျိုးကွဲများသည် ပြည်ပတင်ပို့မှုတွင် လွှမ်းမိုးထားနိုင်ပြီး စုစုပေါင်းတင်ပို့မှု၏ ၆၈ ဒသမ ၈၁ ရာခိုင်နှုန်းရှိကြောင်း၊ ဆန်လုံးရှည် ၁၆ ဒသမ ၁၈ ရာခိုင်နှုန်း၊ ဆန်ကွဲ ၁၀ ဒသမ ၁၃ ရာခိုင်နှုန်း၊ ပေါင်းဆန် ၂ ဒသမ ၄၄ ရာခိုင်နှုန်း၊ အော်ဂဲနစ်ဆန် ၁ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် ကျန် သည် ဒသမ ၅၆ ရာခိုင်နှုန်းသည် အခြားမျိုးကွဲများဖြစ်ကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ် (CRF) ၏ အချက်အလက်များအရ သိရသည်။

Source: Cambodianess, November 10, 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source:https://www.doca.gov.mm/my/node/57683

## ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ဗီယက်နမ် ST25 ဆန် တတိယအကြိမ် ရွေးချယ်ခံရ

ဗီယက်နမ် ST25 ဆန်သည် The Rice Trader အဖွဲ့အစည်းက နှစ်စဉ်ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ဆန်ပြိုင်ပွဲတွင် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် တတိယအကြိမ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အသိအမှတ်ပြုခံရခြင်းသည် အရည်အသွေးမြင့် ဆန်အမျိုးအစားအုပ်စုတွင် ဗီယက်နမ်ဆန်၏ ရပ်တည်မှုကို ထပ်လောင်းအတည်ပြုနိုင်ခဲ့ပြီး ဆယ်စုနှစ်ကြာစမ်းသပ်ပြုလုပ်ခဲ့သော သုတေသနဆောင်ရွက်ချက်များကို အထင်အရှားဖော်ပြလျက်ရှိကြောင်းသိရသည်။

နိုဝင်ဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဆန်ကုန်သွယ်မှုညီလာခံတွင် အဆိုပါဆန်ပြိုင်ပွဲကိုကျင်းပခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ် ST25 ဆန်သည် ယခုနှစ်၏ အကောင်းဆုံးထိပ်တန်းဆန်နေရာကို ကမ္ဘောဒီးယား၏ Phka Romdoul ဆန်အမျိုးအစား နှင့်ပူးတွဲ၍ ရရှိခဲ့ခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူများက ပြောကြားခဲ့သည်။

ST25 ဆန်သည် သုတေသနပညာရှင် Hồ Quang Cua နှင့် ၎င်း၏အဖွဲ့က မဲခေါင်မြစ်ဝှမ်းတွင် ဆယ်စုနှစ်များစွာ စမ်းသပ်ပြုလုပ်ခဲ့ခြင်းမှ ထွက်ပေါ်လာသော ရလဒ်တစ်ခုဖြစ်ကြောင်း၊ ဆန်လုံးအရွယ်အစားရှည်လျားခြင်း၊ ဆန်သား ကြည်လင်ခြင်း၊ သဘာဝဆွမ်းမွှေးရွက်၏ရနံ့ရှိခြင်း၊ ချက်ပြီးသည့်နောက်အေးသည့်အချိန်ထိ ဆန်သား၏ နူးညံ့ပျော့ပျောင်းမှုသည် ပြောင်းလဲသွားမှုမရှိခြင်း စသည့်ဝိသေသများကြောင့် လူကြိုက်များလျက်ရှိကြောင်း၊ အဆိုပါဆန်၏ ရနံ့အရည်အသွေးကို စားဖိုမှူးများ၊ အစားအသောက်ကျွမ်းကျင်သူများနှင့် အပြည်ပြည်ဆိုင်ရာ ဆန်အကဲဖြတ်ဒိုင်များက ကြိမ်ဖန်များစွာ ချီးမွမ်းထားကြောင်း သိရသည်။

Source : Vietnam News, Nov 10, 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source:https://www.doca.gov.mm/my/node/57679

## ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mrs. Suphajee Suthumpun သည် အမေရိကန် ဈေးကွက်အတွင်းသို့ ထိုင်းဆန်များတိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးခဲ့

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးသည် အမေရိကန်ရှိ အကြီးဆုံးထိုင်းဆန် တင်သွင်းသူ Otis McAllister Inc ၏အမှု ဆောင်အရာရှိချုပ် Mr. Royce A. Nicolaisen နှင့်တွေ့ဆုံခဲ့ပြီး ထိုင်းဆန်ဈေးကွက်ဝေစုကို ချဲ့ထွင်ရန်၊ အခွင့်အလမ်းများရှာဖွေရန်နှင့် ထိုင်းကုန်ပစ္စည်းများအပေါ် အမေရိကန်၏အခွန်စည်းကြပ်မှုလျော့ပါးစေရန် မဟာဗျူဟာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးမှုများတွင် ထိုင်း Hom mali နှင့်အခြားသော အလားအလာရှိသော စပါးမျိုးများအပါအဝင် ထိုင်းဆန် အတွက် ဈေးကွက်ချဲ့ထွင်ရန် အဓိကထားဆွေးနွေးခဲ့ကြကြောင်း၊ ၎င်းတို့နှစ်ဦးသည် သွင်းကုန်နှင့်ထောက်ပံ့ပို့ဆောင်ရေး ကုန်ကျစရိတ် များအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုများအပေါ် သက်ရောက်မှုနှင့် ၎င်းတို့အားဖြေရှင်းရန် အကြံပြုချက်များအပြင် အမေရိကန်ရှိ ထိုင်းကုန်ပစ္စည်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုလည်းဆွေးနွေးခဲ့ကြပြီး ကုမ္ပဏီအား ထိုင်းအစိုးရက ကမ်းလှမ်းနိုင် သည့်ဈေးကွက်ဝယ်လိုအားနှင့် ပံ့ပိုးကူညီမှုဆိုင်ရာ အချက်အလက်များကို မျှဝေခဲ့ကြကြောင်း၊ ထုတ်ကုန် တန်ဖိုးမြှင့်တင်ရန်နှင့် မြင့်မားလာစေရန် ထိုင်းဆန်အရသာပရိုဖိုင်များ၊ လက္ခဏာများနှင့် ဇာတ်လမ်းများဆိုင်ရာ အချက်

အလက်များကို အသုံးချရန် ထိုင်းအစေ့အဆန်များ၏ ဝိသေသလက္ခဏာများဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးသည့် စင်တာတစ်ခုသည့် "Rice Hub" နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတုနှင့် ပထဝီဝင်နိုင်ငံရေးအကြောင်းရင်းများကြောင့် ကမ္ဘာလုံးဆိုင်ရာမသေချာမရေရာမှုများ မြင့်တက်လာလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် ကမ္ဘာ့ဈေးကွက်တွင် ထိုင်းထုတ်ကုန်များ၏ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေရန်အတွက် စားနပ်ရိက္ခာဖူလုံရေးအချက်အချာအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ကုန်သွယ်မှု ပမာဏတိုးမြင့်ရန်နှင့် နှစ်ဖက်စလုံးအတွက် စီးပွားရေးမိတ်ဖက်အသစ်များဖန်တီးရန် ရည်ရွယ်သည့် Exclusive Incoming Mission အောက်တွင် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများတွင် ပါဝင်နိုင်ရေးအတွက် ၂၀၂၆ ခုနှစ် အစောပိုင်းလများအတွင်း ထိုင်းနိုင်ငံသို့ လာရောက်ရန် Mr Nicolaisen ကို ဖိတ်ကြားခဲ့ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် Otis McAllister သည် ထိုင်းဆန်တန်ချိန် ၁၁၈,၀၀၀ စံချိန်တင်တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅၁ သန်းကျော်ရှိခဲ့ကြောင်း၊ ကုမ္ပဏီသည် အမေရိကန်နိုင်ငံတစ်ဝှမ်းတွင် ကျယ်ပြန့်သော ဖြန့်ဖြူးရေးကွန်ရက်တစ်ခုရှိကြောင်း၊ ထို့ပြင် Otis McAllister သည် ထိုင်းငါးသေတ္တာများသည် သိသာထင်ရှားစွာ ကြီးထွားလာလျက်ရှိပြီး အခြားထိုင်းထုတ်ကုန်များဖြစ်သည့် နာနတ်သီးနှင့် အပူပိုင်းဒေသသစ်သီးခြောက်များဝယ်လိုအား မြင့်တက်လာကြောင်း၊ ကုမ္ပဏီသည် YouTube နှင့် TikTok တွင် နာမည်ကြီးစားဖိုမှူးများနှင့် ထိုင်းထမင်းဟင်းလျာများဖန်တီးခြင်းနှင့် Influencers များပါဝင်သည့် ထိုင်းဆန်များအတွက် အရောင်းမြှင့်တင်ရေးဆိုင်ရာလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ရန် စိတ်အားထက်သန်နေကြောင်း Mr Nicolaisen က ပြောကြားခဲ့သည်။

အမေရိကန်ရှိ ဟစ်စပန်းနစ်စားသုံးသူများသည် ကျန်းမာရေးနှင့်ညီညွတ်သောထုတ်ကုန်များဆီသို့ မှီခိုနေကြသည်ဖြစ်ရာ ထိုင်းနိုင်ငံ၏ အားသာချက်များ၊ အထူးသဖြင့် ဆန်၊ သစ်ဥသစ်ဖုများနှင့် အရည်အသွေးမြင့်သန့်စင်ထားသော အစားအစာများနှင့်ကိုက်ညီကြောင်း၊ ယင်းအပြောင်းအရွှေ့သည် ထိုင်းနိုင်ငံအတွက်ဈေးကွက်အပိုင်းကိုချဲ့ထွင်ရန် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း Mrs Suphajee က မှတ်ချက်ပြုပြောကြားခဲ့သည်။

Source: www.bangkokpost.com ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_24112025_11:10

## ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ထိုင်းဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှု စတင်သွားရန်ရှိ

တရုတ်နိုင်ငံသို့ထိုင်းဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့မှုနှင့်ပတ်သက်၍ လယ်ယာထွက်ကုန်များ ထုတ်လုပ်တင်သွင်းခြင်းတွင် ပါဝင်ဆောင်ရွက်သည့် တရုတ်အစိုးရပိုင် Cofco ကော်ပိုရေးရှင်းနှင့် နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန)DFT)တို့အကြား ဆွေးနွေးမှုစတင်သွားရန်ရှိကြောင်းကို ဗန်ကောက်ပို့စ်သတင်းစာတွင် "China rice deal negotiations in the offing" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

တရုတ်သည် ယခင်အစိုးရနှင့်အစိုးရ(G2G)ကတိကဝတ်များထက် ထူးခြားသော တန်ချိန် ၂၈၀,၀၀၀ အပါအဝင် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၅၀၀,၀၀၀ ကို ဝယ်ယူရန် သဘောတူခဲ့ကြောင်း၊ နောက်တစ်ဆင့်မှာ ပေးပို့ရမည့် အချိန်ဇယားကို Cofco နှင့်ဆွေးနွေးညှိနှိုင်းရမည်ဖြစ်ကြောင်း၊ မိမိတို့ဌာနနှင့် Cofco အကြား ယခင်က ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ယခုညှိနှိုင်းမှုမစတင်မီ တရုတ်အစိုးရထံမှ တရားဝင်အတည်ပြုပေးစာကို စောင့်ရမည်ဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် တရုတ်နိုင်ငံနှင့် G2G ဆန်ဝယ်ယူမှုသဘောတူညီချက်များတွင် ပေးပို့သည့်အချိန်ကာလသည် တစ်နှစ်ဖြစ်ပြီး ယင်းကာလအတွင်း ပေးပို့မှုမပြည့်မီပါက သက်တမ်းတိုးရန် နှစ်စဉ်ညှိနှိုင်းလျက်ရှိကြောင်း၊ ယင်းသဘောတူညီချက်အတွက် ဌာနအနေဖြင့် ကောက်ညှင်းဆန်အပါအဝင် ဆန်မျိုးစုံကို ကမ်းလှမ်းဖို့ စီစဉ်ထားပြီး ယခင်ရောင်းချမှုတွင် ဆန်ဖြူ ၅ ရာခိုင်နှုန်းကို ကန့်သတ်ထားကြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Arada Fuangtong က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၅၀၀,၀၀၀ ကို တရုတ်နိုင်ငံက ဝယ်ယူရန် ရည်မှန်းထားသည်ဟု သတင်းများထွက်ပေါ်ပြီးနောက် ဈေးကွက်သဘောထားတိုးတက်လာကြောင်း၊ ဆန်ဈေးများတည်ငြိမ်နေပြီး ထပ်မံကျဆင်းဖွယ်ရှိကြောင်း၊ ဆန်စက်များနှင့် တင်ပို့ရောင်းချသူများအပါအဝင် သက်ဆိုင်သူများသည် တိုးတက်မှုများကို အနီးကပ်စောင့်ကြည့်နေပြီး အမှန်တကယ်ပေးပို့ရမည့်အချိန်ဇယားတွင် နောက်ထပ်အသေးစိတ်အချက်အလက်များကို စောင့်မျှော်နေသဖြင့် ကုန်များကိုကိုင်ထား

ကြောင်း၊ G2G ဆန်ရောင်းချမှုသည် လိုအပ်သော တရားဝင်လုပ်ထုံးလုပ်နည်းများနှင့် စာချုပ်အစီအစဉ်များအတွက် နှစ်လခန့် လိုအပ်သောကြောင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အဆိုပါတင်ပို့မှုများသည် လာမည့်နှစ်တွင်စတင်မည်ဟု မျှော်လင့်ရကြောင်း ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က ပြောကြားခဲ့သည်။

တစ်လလျှင်တန်ချိန်တစ်သိန်းကဲ့သို့ အသုတ်လိုက်တင်ပို့ပါက ပြည်တွင်းဆန်စျေးမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း၊ G2G သဘောတူညီချက်အရ အစိုးရသည် ဆန်စပါးဝယ်ယူရေးစျေးကွက်တွင် အပြိုင်အဆိုင်ဖန်တီးကာ တင်ပို့ရောင်းချရန် တင်ပို့သူ အများအပြားကို သတ်မှတ်ပေးကြောင်း၊ သို့သော်လည်း ယခုနှစ်တွင် ထိုင်းဆန်ကို မတင်သွင်းရသေးသည့် အင်ဒိုနီးရှားနှင့် လာမည့်နှစ် ဆန်ဝယ်ယူမည့်အစီအစဉ်ကို အပြီးသတ်နေသည့် ဖိလစ်ပိုင်တို့ကြောင့် စျေးနှုန်းအတက်အကျ အလယ်အလတ်ရှိ မည်ဟု မျှော်လင့်ရကြောင်း၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဆန်တင်ပို့ခွင့်လိုင်စင်များ စုစုပေါင်း တန်ချိန် ၆ ဒသမ ၆၅ သန်းတင်ပို့မှု မှတ်တမ်းဝင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၀ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ ယခုနှစ်၏ ကျန်လများ (နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ)တွင်တစ်လလျှင် ပျမ်းမျှတန်ချိန် ၇ သိန်းခန့်တင်ပို့ပါက ထိုင်းဆန်တင်ပို့သည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၈ သန်း ကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း Mr. Chookiat က ဖြည့်စွက် ပြောကြားခဲ့သည်။

Source: www.bangkokpost.com ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_24112025_11:42

## မလေးရှားနိုင်ငံ၏ စားအုန်းဆီသိုလှောင်မှုများ အောက်တိုဘာလတွင်အမြင့်ဆုံးရောက်ရှိ

မလေးရှားနိုင်ငံ၏ စားအုန်းဆီသိုလှောင်မှုများသည် အောက်တိုဘာလအကုန်တွင် ၆ နှစ်ခွဲကာလအတွင်း အမြင့်ဆုံး အထိရောက်ရှိခဲ့ပြီး ယခင်လများထက် ၄ ဒသမ ၄ ရာခိုင်နှုန်း၊ တန်ချိန် ၂ ဒသမ ၄၆ သန်းခန့် မြင့်တက်ခဲ့ကြောင်း နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်သော လုပ်ငန်းကြီးကြပ်သူများ၏ ထုတ်ပြန်ချက်များအရ သိရသည်။

စားအုန်းဆီထုတ်လုပ်မှုနှုန်းသည် စက်တင်ဘာလမှ အောက်တိုဘာလအတွင်းတွင် ၁၁ ဒသမ ၀၂ ရာခိုင်နှုန်း၊ တန်ချိန် ၂ ဒသမ ၀၄ သန်းခန့်မြင့်တက်စွာ ထုတ်လုပ်နိုင်ခဲ့ကြောင်းနှင့် ၎င်းသည် စတင်ထုတ်လုပ်ခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ကတည်းက မြင့်တက်မှုများရှိခဲ့ပြီး စားအုန်းဆီတင်ပို့မှုသည်လည်း ၁၈ ဒသမ ၅၈ ရာခိုင်နှုန်း၊ တန်ချိန်အားဖြင့် ၁ ဒသမ ၆၉ သန်းခန့်မြင့်တက်ခဲ့ပြီးယခုနှစ်အတွက်အမြင့်ဆုံး တင်ပို့မှုဖြစ်ကြောင်း မလေးရှားနိုင်ငံစားအုန်းဆီဘုတ်အဖွဲ့၏ ပြောကြားချက်များအရ သိရသည်။

Reuters သတင်းဌာန၏ ခန့်မှန်းချက်များအရ မလေးရှားနိုင်ငံရှိ စားအုန်းဆီသိုလှောင်ရုံများတွင် ထုတ်လုပ် အသုံးပြုမည့် စားအုန်းဆီတန်ချိန် ၁ ဒသမ ၉၄ သန်းနှင့် တင်ပို့မည့်စားအုန်းဆီတန်ချိန် ၁ ဒသမ ၄၈ သန်းဖြင့် စုစုပေါင်း တန်ချိန် ၂ ဒသမ ၄၄ သန်းခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/57636

## တရုတ်နိုင်ငံက ထိုင်းနိုင်ငံ၏ သကြားအခြေခံထုတ်ကုန်များအပေါ် တင်သွင်းမှုပိတ်ပင်ခဲ့

ထိုင်းနိုင်ငံရှိ သကြားအခြေခံထုတ်လုပ်သည့် စက်ရုံ ၁၀ ရုံသည် တရုတ်နိုင်ငံမှ နောက်ဆုံးသတ်မှတ်ထားသော ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးဆိုင်ရာ စံနှုန်းများနှင့်မကိုက်ညီသည်ကို တရုတ်အာဏာပိုင်များက စစ်ဆေးတွေ့ရှိခဲ့ပြီး နောက် ထိုင်း Syrups နှင့်သကြားရောနှောထားသော ထုတ်ကုန်များအားလုံးကို တရုတ်နိုင်ငံသို့ တင်သွင်းမှုပိတ်ပင်ခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “China bans import of sugar-based products” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ယင်းဆုံးဖြတ်ချက်ကြောင့် ထိုင်းနိုင်ငံ သကြားစက်ရုံကဏ္ဍတွင် အများအပြားပိတ်သိမ်းမှုအပေါ် စိုးရိမ်မှုမြင့်တက် လျက်ရှိကြောင်း၊ ကန့်သတ်မှုသည် ဇူလိုင်လမှ စက်တင်ဘာလအတွင်း စက်ရုံများစစ်ဆေးမှုပြီးနောက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု General Administration of Customs of China(GACC)က ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ စစ်ဆေးမှုကို ထိုင်းနိုင်ငံစိုက်ပျိုးရေးကုန်စည်နှင့် အစားအစာစံနှုန်းများဗျူရိုက ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဆိုင်ရာ ထိန်းချုပ်မှုများ မလုံလောက်မှုနှင့် ထုတ်လုပ်မှုနှင့် စီမံခန့်ခွဲမှုရေးယာတွင် ဇုန်နေရာမလုံလောက်မှုကြောင့်ဖြစ်ကြောင်း၊ စံနှုန်းပြည့်မီရန် အဓိက ရင်းနှီးမြှုပ်နှံမှုများရှိနေသော်လည်း GACC ၏စာရင်းစစ်ကို စစ်ဆေးထားသော မည်သည့်စက်ရုံမျှမအောင်မြင်ကြောင်း၊ ပို့ကုန် လမ်းကြောင်းအားလုံးကို ပိတ်သိမ်းမှုသည် စက်ရုံအတွက် ကုန်ကျစရိတ်ဘတ်ငွေ ဘီလီယံရှိနိုင်ကြောင်း၊ GACC သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင်လည်း အခွန်ကုဒ် ၂ ခုအောက်မှ Syrup နှင့် သကြားအရောပါသော သွင်းကုန်ကို ရပ်ဆိုင်းထားခဲ့ကြောင်း၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ စတင်အသက်ဝင်သည့် အမိန့်စာအသစ်သည် ထုတ်ကုန်ကုဒ် ၄ ခုကို လွှမ်းခြုံထားရာ Syrup

ပုံစံမျိုးစုံ၊ သကြားအရောများနှင့် ဆက်စပ်ထုတ်ကုန်များဖြစ်ပြီး ထိုင်းထုတ်လုပ်သူများအတွက် အသစ်မှတ်ပုံတင်ခြင်းကိုလည်း ဆိုင်းငံ့ထားကြောင်း သကြားထုတ်ကုန်အသင်းဥက္ကဋ္ဌ Mr.Todsaporn Ruangpattananont က ပြောကြားခဲ့သည်။

တရုတ်သည် အကြီးဆုံးပို့ကုန်ဈေးကွက်ဖြစ်နေသောကြောင့် အသင်းအဖွဲ့ဝင်ကုမ္ပဏီ ၄၇ ခုသည် ဆုံးရှုံးနိုင်ခြေ အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း၊ ပိတ်ပင်ထားမှုသည် ရှည်ကြာနေမည်ဆိုပါက တရုတ်ဈေးကွက်သည် အပြင်းအထန် ခက်ခဲနေသောကြောင့် အခြားသောဈေးကွက်ရှာဖွေရမည်ဖြစ်ရာ စက်ရုံ ၃ ရုံမှ ၄ ရုံခန့်သာ နှစ်ကုန်ပိုင်းအထိ လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ထိုင်းသကြား စက်ရုံကဏ္ဍမှ နှစ်စဉ်သကြား တန်ချိန် ၃ ဒသမ ၆ တန်ဝယ်ယူလျက်ရှိကြောင်း Mr. Todsaporn က ဖြည့်စွက်ပြောကြားခဲ့သည်။ Source: [www.bangkokpost.com](http://www.bangkokpost.com) , (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_13112025_13:40](https://myantrade.gov.mm/article/STP(Ygn)_13112025_13:40)

## လာမည့် ဈေးကွက်ရာသီ၌ အိန္ဒိယ၏ သကြားတင်ပို့မှု တန်ချိန် ၂ သန်းသို့ မြင့်တက်ဖွယ်ရှိ

သကြားမှအီသနောလောင်စာထုတ်လုပ်မှုသို့ ပြောင်းလဲသုံးစွဲမှု နည်းပါးလျက်ရှိပြီး ပြည်တွင်း၌ သကြားပမာဏ အမြောက်အမြား ပိုလျှံမှုဖြစ်ပေါ်နိုင်သဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် ရှေ့လာမည့် ဈေးကွက်ရာသီကာလတွင် ပြည်ပသို့ သကြား တန်ချိန် ၂ သန်းအထိ နှစ်ဆတိုး၍ တင်ပို့ရဖွယ်ရှိသည်ဟု အိန္ဒိယသကြား လုပ်ငန်းနယ်ပယ်မှ အရာရှိများက နိုဝင်ဘာ ၆ ရက် နေ့၌ ပြောဆိုခဲ့ကြသည်။ သို့ဖြစ်ရာ ကမ္ဘာ့ဒုတိယအကြီးဆုံး သကြားထုတ်လုပ်သူဖြစ်သော အိန္ဒိယမှ တင်ပို့မှုမြင့်မားလာခြင်း သည် ငါးနှစ်တာကာလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိနေခဲ့သော နယူးယောက်နှင့် လန်ဒန် သကြားကြိုတင်အရောင်း စံပြု ဈေးနှုန်းများအပေါ် ဖိအားများသက်ရောက်နိုင်ခြေရှိနေသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၃ ဈေးကွက်ရာသီအထိ ငါးနှစ်တာကာလအတွင်း နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၆ ဒသမ ၈ သန်းခန့်တင်ပို့မှုနှင့်အတူ ကမ္ဘာ့သကြားတင်ပို့မှု ဒုတိယအများဆုံးနေရာ၌ ရပ်တည်ခဲ့သည်။ သို့သော် ရာသီဥတုခြောက်သွေ့မှု နှင့် ကြုံတွေ့ရပြီးနောက် ၂၀၂၃-၂၄ ခုနှစ်မှစတင်၍ ပြည်ပသို့ သကြားတင်ပို့မှုကို အစိုးရက ပိတ်ပင်တားမြစ်ခဲ့ပြီး ယမန်နှစ်၌ တန်ချိန် ၁ သန်းမျှကိုသာ တင်ပို့ရန် ခွင့်ပြုပေးခဲ့သည်။

အိန္ဒိယနိုင်ငံ သကြားနှင့်ဇီဝစွမ်းအင်ထုတ်လုပ်သူများအသင်း(ISMA) မှ ညွှန်ကြားရေးမှူးချုပ် Deepak Ballani က ယခု လာမည့် သကြားဈေးကွက်ရာသီနှစ်အတွက် ဖြစ်တန်ခြေရှိသော တင်ပို့မှုပမာဏသည် တန်ချိန် ၂ သန်းအထိ ရောက်ရှိ နိုင်မည် ဟု ခန့်မှန်းရကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အောက်တိုဘာ ၁ ရက်နေ့၌ စတင်ခဲ့သော ၂၀၂၅-၂၆ ဈေးကွက်တင်ရောင်းဝယ်ရေးနှစ်တွင် အိန္ဒိယ၏ သကြား ထွက်ရှိမှုမှာ အီသနောထုတ်လုပ်ရန်အတွက် ပြောင်းလဲသုံးစွဲမည့် တန်ချိန် ၃ ဒသမ ၄ သန်းခန့်ကို နုတ်ပယ်ပြီးပါက တန်ချိန် ၃၀ ဒသမ ၉၅ သန်းခန့်ရှိနိုင်ကြောင်း၊ ယင်းပမာဏသည် ယခင်နှစ်ကထက် ၁၈ ဒသမ ၅ ရာခိုင်နှုန်းခန့် မြင့်တက်လာခြင်း ဖြစ်ကြောင်း ISMA အသင်းက ဖော်ပြထားသည်။ ယခုနှစ် အီသနောထုတ်လုပ်မှုအတွက် အသုံးပြုမည့် သကြားပမာဏသည် တန်ချိန် ၄ ဒသမ ၅ သန်းမှ ၅ သန်းအတွင်းရှိမည်ဟု အဆိုပါအသင်းက အစောပိုင်းကာလများတွင် ခန့်မှန်းထားခဲ့သည်။ သို့သော် ဇီဝ လောင်စာထုတ်လုပ်ရန် လျာထားချက် စုစုပေါင်း၏ ၂၈ ရာခိုင်နှုန်းခန့်သာ သကြားအခြေပြု အီသနောထုတ်လုပ် မှုရှိပြီး ကျန်ပမာဏသည် မွေးမြူရေးအစားအစာအခြေပြု အီသနောထုတ်လုပ်မှု လုပ်ငန်းများသို့ ခွဲဝေရောက်ရှိခဲ့သည်။

အမျိုးသားသကြားစက်ရုံများ သမဝါယမအသင်းချုပ်(NFCSF)မှ အုပ်ချုပ်မှုဒါရိုက်တာ Prakash Naiknavare က ၎င်းတို့အနေဖြင့်သကြားစက်ရုံများမှဆောလျင်စွာသကြားတင်ပို့ခွင့်ကို စတင်ခွင့်ပြုပေးရန် အစိုးရထံတောင်းဆိုထားကြောင်း၊ သို့မှသာ ၎င်းလုပ်ငန်းများသည် ရာသီကာလအစပိုင်းတွင် ပြည်ပတင်ပို့ရန်အတွက် သကြားကုန်ကြမ်းများကို ထုတ်လုပ်နိုင် မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဘရာဇီးနိုင်ငံမှရာသီအသစ်တွင်စတင်ထုတ်လုပ်သည့် သကြားများဈေးကွက်သို့ ဝင်ရောက် လျက် ကမ္ဘာ့သကြားဈေးနှုန်းများအပေါ် ဖိအားများဖြစ်ပေါ်ခြင်းမရှိမီအချိန်၌ အိန္ဒိယအနေဖြင့် သုံးလကြာမျှ တိုတောင်းသော ပြည်ပသို့ သကြားတင်ပို့ရန် အခွင့်အရေးရှိနေသည်။

လက်ရှိကာလတွင် အိန္ဒိယပြည်တွင်း၌ သကြားဈေးနှုန်းများသည် ကမ္ဘာ့ပေါက်ဈေးနှုန်းများထက် မြင့်မားလျက်ရှိပြီး ရာသီအသစ်မှ ထုတ်လုပ်သည့်သကြားများ စတင်ဝင်ရောက်လာခြင်းက ပြည်တွင်းဈေးကွက်အပေါ် ဖိအားသက်ရောက်နိုင်မှု အရ ဒီဇင်ဘာလအစောပိုင်းမှစတင်၍ ပြည်ပတင်ပို့နိုင်ရန် သကြားစက်လုပ်ငန်းများက မျှော်လင့်လျက်ရှိကြောင်း၊ ခတ်ဆီ၌ အီသနော ၂၀ ရာခိုင်နှုန်း ရောစပ်သုံးစွဲရန် အစိုးရ၏ တွန်းအားပေးမှုအောက်တွင် သကြားစက်အများအပြားသည် ၎င်းတို့၏

ကြိတ်ခွဲထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်ခဲ့ကြကြောင်း၊ အီသနောထုတ်လုပ်ရန်အတွက် အသုံးမပြုရသေးသောပမာဏ ကြီးမားစွာ ကျန်ရှိနေခြင်းက ၎င်းတို့အတွက်ဆုံးရှုံးမှုဖြစ်စေနိုင်ကြောင်း၊ ထို့ပြင်၎င်းစက်ရုံလုပ်ငန်းများသည် သကြားများပိုမို ထပ်မံထုတ်လုပ်ရန်လည်းရှိနေကြောင်းဖြင့် ISMA မှ ညွှန်ကြားရေးမှူးချုပ် Mr. Ballani က ပြောဆိုခဲ့သည်။

Source: The Hindu Business Line, 6 Nov 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/57673

## အိန္ဒိယနိုင်ငံတွင် ပြောင်းဝယ်လိုအားကျဆင်းကာ သီးနှံများစံချိန်တင်ထွက်ရှိလာရန် မျှော်မှန်းချက်များကြောင့် ပြောင်းဈေးနှုန်းများ ကြမ်းခင်းဈေးအောက်သို့ ရောက်ရှိ

အိန္ဒိယနိုင်ငံတွင် အီသနောထုတ်လုပ်သူများနှင့် ကြက်စာထုတ်လုပ်သူများကဲ့သို့သော ကဏ္ဍများမှ ဝယ်လိုအားများ လျော့ကျလာခြင်းနှင့်အတူ သီးနှံများစံချိန်တင်ထွက်ရှိလာမည်ဟု မျှော်မှန်းထားချက်များကြောင့် ပြောင်းသီးနှံများ ဈေးကွက်သို့ ဝင်ရောက်လာမှု မြင့်တက်လာချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြောင်းဈေးနှုန်းများသည် ကြမ်းခင်းဈေး (MSP) အဆင့်များအောက်သို့ ဦးတည်နေကြောင်း The Hindu Businessline သတင်းဌာနက နိုဝင်ဘာလ ၄ ရက်နေ့က ဖော်ပြသည်။

ပြည်နယ်အသီးသီးရှိ လက်ကားဈေးကွက်များတွင် အရောင်းအဝယ်အများစုဖြစ်ပေါ်သည့် ပုံမှန်ဈေးနှုန်းများမှာ ၁ ကွင်တယ်(ကီလို ဂရမ် ၁၀၀)လျှင် ရူပီး ၁,၃၀၀ မှ ရူပီး ၂,၁၀၀ ကြားတွင်ရှိနေပြီး၊ ၂၀၂၅ ခုနှစ် ခါရစ်(မိုး) ရာသီအတွက် အစိုးရက သတ်မှတ်ထားသောကြမ်းခင်းဈေး(MSP)ဖြစ်သည့် ရူပီး၂,၄၀၀အောက်တွင်ရှိနေကြောင်းတွေ့ရသည်။ ယင်းသို့ဈေးနှုန်းများ ကြမ်းခင်းဈေးအောက်သို့ ဦးတည်နေသောကြောင့် တောင်သူလယ်သမားအချို့သည် အစိုးရအား ကြမ်းခင်းဈေးဖြင့် ဝယ်ယူပေးရန် တောင်းဆိုလျက်ရှိသည်။ Telangana ပြည်နယ်သည် အဆိုပါသီးနှံကို ကြမ်းခင်းဈေးဖြင့် စတင်ဝယ်ယူလျက်ရှိကာ စုစုပေါင်းတန်ချိန် ၈ သိန်းခန့်ဝယ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

အိန္ဒိယတောင်သူလယ်သမားများသည် ပိုမိုကောင်းမွန်သော အကျိုးအမြတ်ရရှိရန် မျှော်မှန်း၍ ယခု ခါရစ်(မိုး)ရာသီတွင် ပြောင်းစိုက်ကေများကို တိုးချဲ့လျက်ရှိပြီး ယခင်နှစ် ဧက ၈ ဒသမ ၄၃ သန်းမှ ဧက ၁ သန်း ခန့်တိုးချဲ့ကာ ဧက ၉ ဒသမ ၄၉ သန်းခန့်အထိတိုးချဲ့စိုက်ပျိုးခဲ့ကြောင်းသိရသည်။ အချို့ဒေသများတွင်မိုးရေချိန်ပိုလျှံမှုကြောင့်သီးနှံအပေါ် သက်ရောက်မှုရှိသော်လည်း စိုက်ကေတိုးတက်လာခြင်းကြောင့် ၂၀၂၅ ခုနှစ် ခါရစ်ရာသီအတွက် ပြောင်းသီးနှံကို စံချိန်တင်အထွက်နှုန်းရရှိလာဖွယ်ရှိကြောင်း ခန့်မှန်းလျက်ရှိကြသည်။

အီသနောထုတ်လုပ်သူများထံမှ ပြောင်းဝယ်လိုအားသည် ဆန်နှင့်ကြံကဲ့သို့သော အခြားကုန်ကြမ်းများရရှိနေခြင်းကြောင့် လျော့ကျသွားခဲ့ကြောင်း IGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။ ထို့ပြင် အစိုးရသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် အီသနောထုတ်လုပ်သူများအား ဆန်တန်ချိန် ၅ ဒသမ ၂ သန်းကို ခွဲဝေပေးထားကြောင်း သိရသည်။ သီးနှံအခြေခံအီသနောထုတ်လုပ်မှုလုပ်ငန်းစဉ်မှထွက်ရှိသော ဘေးထွက်ပစ္စည်းဖြစ်သည့် DDGS(ပျော်ဝင်ပစ္စည်းပါဝင်သော ပေါင်းခံပြီးခြောက်သွေ့သည့်) အစေ့အဆန်များ ကိုကြက်မွေးမြူရေးလုပ်ငန်းရှင်များအတွက် ပိုမိုရရှိလာခြင်းသည်လည်း တိရစ္ဆာန်အစာကဏ္ဍမှ ပြောင်းဝယ်လိုအားကို ထိခိုက်စေနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ပြည်နယ်အများအပြားတွင် ခါရစ်သီးနှံများအပေါ် ရာသီမဟုတ် မိုးရွာသွန်းခြင်းနှင့် မိုးရေချိန် ပိုလျှံစွာ ရရှိမှုများရှိသော်လည်း စိုက်ကေတိုးလာခြင်းကြောင့် ယခုနှစ်ပြောင်းအထွက်နှုန်းသည် ပြီးခဲ့သည့်နှစ်ထက် ပိုမိုများပြားလာမည်ဟု မျှော်မှန်းရကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

Maharashtra ပြည်နယ်၏ အဓိကပြောင်းစိုက်ပျိုးသည့်ဒေသများအနက် တစ်ခုတွင် သီးနှံများ ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးဆုံးရှုံးခဲ့သော်လည်း ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများသိသိသာသာ ကျဆင်းသွားခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် Maharashtra ပြည်နယ်၏အဓိက ပြောင်းဈေးကွက်ကြီးနှစ်ခုဖြစ်သည့် Jalna ခရိုင်တွင် ပြောင်းဈေးနှုန်းများသည် ၁ ကွင်တယ်(ကီလို ဂရမ် ၁၀၀)လျှင် ရူပီး ၁,၉၀၀ မှ ရူပီး ၂,၃၀၀ ကြားရှိခဲ့ပြီး Sangli စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက် (APMC)တွင်မူ ၁ ကွင်တယ်(ကီလိုဂရမ် ၁၀၀)လျှင် ရူပီး ၂,၃၅၀ မှ ရူပီး ၂,၄၅၀ ကြားရှိခဲ့ကြောင်း သိရသည်။ သို့ရာတွင် အောက်တိုဘာလ ၂၈ ရက်နေ့တွင် Jalna စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက်)APMC)တွင် ပုံမှန်ဈေးနှုန်းသည် ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၁,၄၅၀ အထိကျဆင်းသွားခဲ့ပြီး အနိမ့်ဆုံးဈေးနှုန်းမှာ ရူပီး ၉၅၀ နှင့် အမြင့်ဆုံးဈေးနှုန်းမှာ ရူပီး ၁,၈၀၀ ဖြစ်ခဲ့ကြောင်း တွေ့ရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် တတိယအကြိမ်ကြိုတင်ခန့်မှန်းချက်များအရ အိန္ဒိယနိုင်ငံ၏ ပြောင်းအထွက်နှုန်းသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၇၆ ဒသမ ၆၅ သိန်းရှိခဲ့ရာမှ တန်ချိန် ၄၂၂ ဒသမ ၈၁ သိန်းအထိ ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် အီသနောနှင့်တိရစ္ဆာန်အစာထုတ်လုပ်ရေးကဏ္ဍတို့မှ ပြောင်းဝယ်လိုအားကျဆင်းလာသကဲ့သို့ ယခုနှစ်အတွက် ပြောင်းစိုက်ဧကတိုးတက်ကာ ပြောင်းသီးနှံပိုမိုထွက်ရှိလာမည်ဟူသော မျှော်မှန်းချက်များကြောင့် ပြောင်းဈေးနှုန်းများသည် အစိုးရသတ်မှတ်ဈေးအောက် ကျဆင်းလျက်ရှိသည်။

Source: The Hindu Businessline, Maize prices trend below MSP as arrivals pick up amidst easing demand from ethanol, poultry sector, November 4, 2025.,(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_18112025_14:34

## အမေရိကန်မှ တိရစ္ဆာန်အစာ ပြောင်း တန်ချိန် ၁ သန်းတင်သွင်းရန် ထိုင်းနိုင်ငံအစိုးရအဖွဲ့က ခွင့်ပြုခဲ့

ထိုင်းနှင့် အမေရိကန်တို့ကြား သဘောတူညီချက်အရ သွင်းကုန်အကောက်ခွန်ကို ဖယ်ရှား၍ လက်ရှိ တစ်နှစ်လျှင်ဆန် တန်ချိန် ၅၄, ၇၀၀ မှ တန်ချိန် ၁ သန်းအထိ တိရစ္ဆာန်အစာပြောင်းတင်သွင်းခွင့် ခွဲတမ်းကို ထိုင်းနိုင်ငံအစိုးရအဖွဲ့က အတည်ပြုခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “Huge uptick in feed corn imports” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ကုန်သွယ်ရေးသဘောတူညီချက်အရ တိရစ္ဆာန်အစာ ပြောင်းသွင်းကုန်ခွဲတမ်းကို ၂၀၂၆ ခုနှစ်တွင် တိုးမြှင့်ရန် အစိုးရအဖွဲ့မှ သဘောတူညီခဲ့ကြောင်း၊ ပြည်တွင်းပြောင်းစိုက်တောင်သူများ ထိခိုက်နစ်နာမှု မဖြစ်စေရန် အဆိုပါသွင်းကုန်များကို ပြည်တွင်းရိတ်သိမ်းပြောင်းများ ဈေးကွက်အတွင်းသို့ မဝင်ရောက်မီ ၂ လ အကြိုဖြစ်သော နှစ်စဉ် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ တင်သွင်းရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြောင်းဈေးနှုန်းများတည်ငြိမ်စေရန်အတွက် တင်သွင်းသူများသည် အဆိုပါခွဲတမ်းကို အသုံးပြု၍ တင်သွင်းသည့် အပိုင်းတစ်ခုချင်းစီတိုင်းအတွက် ပြည်တွင်းထုတ်ပြောင်းသုံးပိုင်းကို ပြန်လည်ဝယ်ယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူများဈေးကွက်သို့ ပြောင်းတင်ပို့ရောင်းချမှု နှောင့်နှေးစေရန်အတွက် အစိုးရမှ ချေးငွေအစီအမံများကို အတည်ပြုခဲ့ကြောင်း အစိုးရအဖွဲ့အပတ်စဉ်အစည်းအဝေးအပြီးတွင် အစိုးရပြောရေးဆိုခွင့်ရှိသူ Siripong Angkasakulkiat က ပြောကြားခဲ့သည်။

မွေးမြူရေးနှင့် တိရစ္ဆာန်အစာလုပ်ငန်းအတွက် လုံလောက်သော ကုန်ကြမ်းသေချာစေရန် အစားအသောက် မူဝါဒကော်မတီက အဆိုပြုထားသည့် ၂၀၂၆-၂၀၂၈ အတွက် တိရစ္ဆာန်အစာကုန်ကြမ်းတင်သွင်းမှု အစီအမံကိုလည်း အစိုးရ အဖွဲ့က အတည်ပြုခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၌ ပဲပုပ်အစာနှင့် ငါးအစာထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်တွင် မလုံလောက်သေးကြောင်း၊ တိရစ္ဆာန်အစာကုန်ကြမ်းဖြစ်သော ပဲပုပ်အစာကို သုံးနှစ်ကာလ ၂၀၂၆-၂၀၂၈ ဝယ်ယူရန်လည်း ခွင့်ပြုခဲ့ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏စည်းမျဉ်းအရ သွင်းကုန်ခွန်နှုန်းမှာ ၂ ရာခိုင်နှုန်းဖြစ်ပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေစာချုပ်အရ သုည ရာခိုင်နှုန်းနှင့် သဘောတူညီချက်မဟုတ်သော နိုင်ငံများအတွက်နှုန်းထားမှာ ၆ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ သွင်းကုန်အခကြေးငွေမှာ ၁ တန်လျှင် ၂,၅၁၉ ဘတ်ဖြစ်ပြီး Thai Feed Mill Association နှင့် Poultry and Swine Raisers Association ကဲ့သို့သော သွင်းကုန်လုပ်ငန်းရှင် ၁၁ ဦးကို တင်သွင်းခွင့်ပြုထားကြောင်း အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Ms. Airin Phanrit က ဖြည့်စွက်ပြောကြားခဲ့သည်။

ငါးအစာအတွက်ပရိုတင်းဓာတ်ပါဝင်မှု ၆၀ ရာခိုင်နှုန်းအောက်ရှိသော ကုန်ပစ္စည်းများ တင်သွင်းရာတွင် ကြိုတင်ခွင့်ပြုချက်လိုအပ်ပြီး ၆၀ ရာခိုင်နှုန်းနှင့်အထက် ပရိုတင်းပါဝင်မှုရှိသည့်ငါးအစာများအတွက်ကန့်သတ်ချက်မရှိဘဲ တင်သွင်းနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များ အောက်တွင်အကောက်ခွန်နှုန်းထားများမှာ သုည မှ ၅ ရာခိုင်နှုန်းရှိပြီးသဘောတူညီချက်မဟုတ်သော နိုင်ငံများအတွက်အမြင့်ဆုံးနှုန်းမှာ ၁၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ Source: www.bangkokpost.com ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_17112025_13:31

## စင်ကာပူ ပင်လယ်စာဈေးကွက်တွင် တည်ရှိမှုအားကောင်းနေသည့် ဗီယက်နမ်

ဗီယက်နမ်ပင်လယ်စာသည် စင်ကာပူဈေးကွက်တွင် တည်ရှိမှုအားကောင်းနေပြီး ထိုဝယ်လိုအားမြင့်မားသည့်ဈေးကွက်တွင် အဓိကထုတ်ကုန်များမှာ ထိပ်တန်းဈေးကွက်ဝေစုကို ထိန်းသိမ်းထားလျက်ရှိကြောင်း သိရသည်။ စင်ကာပူ၏

စာရင်းအင်းနှင့်ကော်ပိုရိတ်စည်းမျဉ်း အာဏာပိုင်အဖွဲ့ထံမှ အချက်အလက်အရ ၂၀၂၅ ခုနှစ်၏ ပထမ ၉ လတွင် စင်ကာပူသည် အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၂ သန်းတန်ဖိုးရှိသော ပင်လယ်စာကို ဗီယက်နမ်ထံမှတင်သွင်းခဲ့ပြီး ၂၀၂၄ ခုနှစ် တူညီသည့် ကာလနှင့်နှိုင်းယှဉ်ပါက ၁၄ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ စုစုပေါင်းတင်သွင်းမှုတန်ဖိုး၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဗီယက်နမ်သည် မလေးရှားနှင့် အင်ဒိုနီးရှားတို့၏နောက် စင်ကာပူသို့ တတိယမြောက်အကြီးမားဆုံး ပင်လယ်စာတင်ပို့သူအဖြစ် ရပ်တည်နေကြောင်းသိရသည်။ ဗီယက်နမ် ပင်လယ်စာအမျိုးအစားများအကြား အေးခဲထားသော ငါးအသားပြားနှင့် ကင်ထားသောငါးအသားပြားတို့မှာ စင်ကာပူဒေါ်လာ ၄၅ ဒသမ ၄ သန်း ဖြင့် တင်သွင်းမှုတန်ဖိုး အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။ အခြားသိသာထင်ရှားသည့် ပို့ကုန်အုပ်စုများတွင် ပြုပြင်ထားသောနှင့် မပြုပြင်ထားသော ကမာနှင့် ခရု တို့ပါဝင်ပြီး စုစုပေါင်းတင်သွင်းမှုတန်ဖိုး စင်ကာပူဒေါ်လာ ၂၀ သန်း နှင့် ၁၀ ဒသမ ၁ သန်းအသီးသီးရှိကြောင်း သိရသည်။

စင်ကာပူရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံးက စင်ကာပူ၏ ပင်လယ်စာတင်သွင်းမှု ဈေးကွက်သည် ဆက်လက်တည်ငြိမ်နေပြီး ဗီယက်နမ်သည် ငါးအသားပြားကင်နှင့် အသားတို့တွင် ၎င်းတို့၏အားကောင်းစွာ တည်ရှိနေမှုကို ဆက်လက်ထိန်းထားနိုင်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ခရုနှင့်ကမာတွင်မူ ဗီယက်နမ်တင်ပို့သူများသည် မလေးရှားနှင့် အင်ဒိုနီးရှားသာမက တရုတ်၊ ဂျပန်နှင့် အိန္ဒိယတို့ထံမှ ပြင်းထန်သော ယှဉ်ပြိုင်မှုနှင့် ဆက်လက်ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။ အာဏာပိုင်များ၏အဆိုအရ ယခုနှစ်၏ ပထမ ၉ လ တွင် စင်ကာပူ၏ စုစုပေါင်းပင်လယ်စာတင်သွင်းမှုမှာ စင်ကာပူဒေါ်လာ ၈၇၀ သန်းတန်ဖိုးအထိ ရောက်ရှိ ခဲ့ပြီး ၂၀၂၄ ခုနှစ် တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/56446

## ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့သည် ပလောပီနံထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် နားလည်မှု စာချွန်လွှာ MoU လက်မှတ်ရေးထိုး

ကမ္ဘောဒီးယား ပလောပီနံအဖွဲ့ချုပ်နှင့် ဗီယက်နမ်ပလောပီနံအသင်းတို့သည် နိုင်ငံနှစ်နိုင်ငံအကြား ပလောပီနံထုတ်လုပ်မှု၊ ပြုပြင်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်ကို အောက်တိုဘာလ ၂၄ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင်ကျင်းပသည့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Cham Nimul က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ ဝန်ကြီးဌာနမှ အကြီးတန်းအရာရှိများ၊ ကမ္ဘောဒီးယားရှိဗီယက်နမ်သံရုံးမှ ကိုယ်စားလှယ်များ၊ ပလောပီနံအသင်း နှစ်ခုလုံးမှအဖွဲ့ဝင်များ၊ ARDB Bank၊ SME Bank မှ ကိုယ်စားလှယ်များ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်မှ ပလောပီနံဝယ်ယူသည့် ကုမ္ပဏီများအပြင် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

MoU အရ ပူးပေါင်းဆောင်ရွက်မှုသည် ထုတ်လုပ်မှုအရည်အသွေးကို မြှင့်တင်ရန်၊ ပလောပီနံကို ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများကို မြှင့်တင်ရန်နှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေရန် ရည်ရွယ်သည်။ ဤအစီအစဉ်သည် ကမ္ဘောဒီးယားမှဗီယက်နမ်သို့ လတ်ဆတ်သောပလောပီနံတန်ချိန် ကိုးသန်းခန့်နှစ်စဉ်တင်ပို့ရန်ကူညီပေးနိုင်မည်ဟု သိရသည်။

ကမ္ဘောဒီးယားနှင့် ဗီယက်နမ်မှ ပလောပီနံဝယ်ယူသည့် ကုမ္ပဏီလေးခုသည် ကမ္ဘောဒီးယား တောင်သူများထံမှ လတ်ဆတ်သော ပလောပီနံတန်ချိန် သုံးသန်းခန့်ကို နှစ်စဉ်ဝယ်ယူရန်အတွက် စီးပွားဖြစ်သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ Source : https://www.doca.gov.mm/my/node/56351

## တရုတ်သည် အမေရိကန်ကို ကျော်တက်၍ ဂျာမနီ၏ ထိပ်တန်းကုန်သွယ်ရေးမိတ်ဖက်ဖြစ်လာ

အမေရိကန်သို့ တင်ပို့သည့် ဂျာမန်ပို့ကုန်များအပေါ် အခွန်စည်းကြပ်မှု မြင့်မားလာခြင်းကြောင့် ၂၀၂၅ ခုနှစ် ပထမ ၈ လအတွင်း တရုတ်နိုင်ငံသည် အမေရိကန်ကို ကျော်တက်ခဲ့ပြီး ဂျာမနီ၏ အကြီးမားဆုံး ကုန်သွယ်ရေးမိတ်ဖက်အဖြစ် ထိပ်ဆုံးနေရာကို ပြန်လည်ရရှိခဲ့ကြောင်း ဂျာမန်စာရင်းအင်းရုံးမှ ထုတ်ပြန်သော ကနဦးအချက်အလက်များအရသိရှိခဲ့ရပြီး၊ Reuters ၏တွက်ချက်မှုများအရလည်း ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိကာလအတွင်း ဂျာမနီနှင့်တရုတ်နိုင်ငံအကြား ကုန်သွယ်မှုစုစုပေါင်း(သွင်းကုန်နှင့် ပို့ကုန်စုစုပေါင်း) ယူရို ၁၆၃ ဒသမ ၄ ဘီလီယံနှင့် ဂျာမနီနှင့် အမေရိကန်အကြား ကုန်သွယ်မှုစုစုပေါင်း ယူရို ၁၆၂ ဒသမ ၈ ဘီလီယံရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အထိ ဂျာမနီ၏ထိပ်တန်းကုန်သွယ်ရေးမိတ်ဖက်အဖြစ် အမေရိကန်သည် ၈ နှစ်ကြာ ဆက်တိုက်ရပ်တည်လာခဲ့ရာမှ အဆုံးသတ်သွားခဲ့ပြီး ၎င်းနေရာတွင် တရုတ်က ဝင်ရောက်နေရာယူလာခဲ့သည်။ ဂျာမနီအနေဖြင့် တရုတ်နှင့် ဂျာမနီအကြား နိုင်ငံရေးခံယူချက်ကွဲလွဲမှုများနှင့် စီးပွားရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ သမာသမတ်မကျသော လုပ်ဆောင်ချက်များကိုစွပ်စွဲပြီး ကုန်သွယ်မှု၌ တရုတ်အပေါ် မှီခိုနေမှုကိုလျှော့ချရန် ကြိုးပမ်းနေစဉ်တွင် ယခုကဲ့သို့အပြောင်းအလဲများဖြစ်ပေါ် လာခဲ့ခြင်းဖြစ်သည်။ သမ္မတ Donald Trump ၏ လက်ထက်တွင် အခွန်စည်းကြပ်မှုများကို ပြန်လည်ပြင်ဆင်ခဲ့သည့်အတွက် ကုန်သွယ်ရေးအရှိန်အဟုန်ပါ လိုက်ပါပြောင်းလဲခဲ့ခြင်းဖြစ်သည်။

အမေရိကန်၏ အခွန်တိုးမြှင့်ကောက်ခံမှုများကြောင့် အမေရိကန်သို့ ဂျာမန်ပို့ကုန်တင်ပို့မှုများ ကျဆင်းခဲ့ပြီး ယခုနှစ်ပထမ ၈ လအတွင်း ပို့ကုန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်၏ ပထမ ၈ လနှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ ဩဂုတ်လအတွင်း အမေရိကန်သို့ ပို့ကုန်တင်ပို့မှုသည် ယမန်နှစ် အလားတူကာလကထက် ၂၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း၊ ယင်းသို့ကျဆင်းသွားခဲ့သည့်အတွက် ကျဆင်းမှုလမ်းကြောင်းမြန်ဆန်လာနေသည်ကို တွေ့ရကြောင်း၊ ကား၊ စက်ယန္တရားနှင့် ဓာတုပစ္စည်းများကဲ့သို့သော ဂျာမနီမှ အမေရိကန်သို့ အဓိကတင်ပို့နေသောပို့ကုန်များ ဝယ်လိုအားကျဆင်းသွားခဲ့ကြောင်း၊ အမေရိကန်၏အခွန်တိုးမြှင့်ကောက်ခံမှုနှင့် ကုန်သွယ်ရေးမူဝါဒများသည် ဂျာမန်ထုတ်ကုန်များရောင်းအားကျဆင်းမှုကိုဖြစ်ပေါ်စေခဲ့သော အရေးကြီးသည့်အကြောင်း အရင်းတစ်ရပ်ဖြစ်သည်ဟု Federal Association of Wholesale, Foreign Trade and Services (BGA)၏ဥက္ကဋ္ဌဖြစ်သူ Dirk Jandura က ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်၏ အခွန်ကောက်ခံခြင်းဆိုင်ရာခြိမ်းခြောက်နေမှုနှင့် ယူရိုငွေပိုမိုခိုင်မာလာမှုတို့ကြောင့် အမေရိကန်သို့ ဂျာမန်ပို့ကုန်တင်ပို့မှုများ ပြန်လည်ကောင်းမွန်လာဖွယ်မရှိကြောင်း၊ ၂၀၂၅ ခုနှစ်၏ပထမ ၈ လအတွင်း ဂျာမနီမှ အမေရိကန်သို့ ပို့ကုန်တင်ပို့မှုကျဆင်းခဲ့သည့်နည်းတူ တရုတ်နိုင်ငံသို့ တင်ပို့မှုသည်လည်း ယမန်နှစ် အလားတူကာလကထက် ၁၃ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဆန့်ကျင်ဘက်အနေဖြင့် တရုတ်မှပို့ကုန်များကို ဂျာမနီက ၈ ဒသမ ၃ ရာခိုင်နှုန်းခန့် ပိုမိုတင်သွင်းလာ၍ ကုန်သွယ်မှုပမာဏမြင့်တက်လာကာ တရုတ်သည် ဂျာမနီ၏အကြီးမားဆုံး ကုန်သွယ်ရေးမိတ်ဖက်ဖြစ်လာခြင်းဖြစ်ကြောင်း၊ အချက်အလက်များအရ တရုတ်မှ တင်သွင်းကုန်များမှာ စုပုံစွန့်ပစ်ဈေးနှုန်းဖြင့် ဝင်ရောက်လာသည့်အတွက် ဂျာမနီအတွက်ပိုမိုစိုးရိမ်ဖွယ်ရာဖြစ်ကြောင်းနှင့် ယင်းကိစ္စရပ်သည် ဂျာမနီအနေဖြင့် တရုတ်နိုင်ငံအပေါ် ကုန်သွယ်ရေးအရ မှီခိုမှုပိုမိုမြင့်မားလာနိုင်သည်သာမက ဂျာမနီ၏အဓိကစက်မှုလုပ်ငန်းကြီးများအနေဖြင့် တရုတ်ဈေးကွက်ကို ယှဉ်ပြိုင်နိုင်ရေးအတွက် ဖိအားများပိုမိုများပြားလာနိုင်ဖွယ်ရှိကြောင်း ING သုတေသနအဖွဲ့မှ Carsten Brzeski က သတိပေးပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။

Source: [https://www.reuters.com/world/china/china-overtakes-us-germanys-top-trading-partner-2025-10-22/,](https://www.reuters.com/world/china/china-overtakes-us-germanys-top-trading-partner-2025-10-22/) (သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်မြို့)

Source :[https://myantrade.gov.mm/article/STP(Ygn)_06112025_14:36](https://myantrade.gov.mm/article/STP(Ygn)_06112025_14:36)

## အိန္ဒိယဗဟိုအစိုးရအဖွဲ့က ပို့ကုန်တင်ပို့သူများအတွက် ရူပီး ၄၅,၀၀၀ ကုဋေတန်ဖိုးရှိ အစီအစဉ်များအား အတည်ပြု

အိန္ဒိယဗဟိုအစိုးရသည် လက်ရှိရင်ဆိုင်နေရသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကြားတွင် ပို့ကုန်တင်ပို့သူများအား အထောက်အကူပြုရန်အတွက် စုစုပေါင်း ရူပီး ၄၅,၀၀၀ ကုဋေတန်ဖိုးရှိ အစီအစဉ်များကို နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အတည်ပြုလိုက်ကြောင်း NDTV Profit သတင်းဌာနက နိုဝင်ဘာလ ၁၂ ရက်နေ့က ဖော်ပြသည်။

အဆိုပါအစီအစဉ်များတွင် အစိုးရက သားရေ၊ ကျောက်မျက်ရတနာနှင့်လက်ဝတ်ရတနာကဲ့သို့သော ကဏ္ဍများအား ဦးစားပေးအဖြစ်သတ်မှတ်ကာ ရူပီး ၂၅,၀၀၀ ကုဋေတန်ဖိုးရှိ အများက မျှော်လင့်နေသော ပို့ကုန်မြှင့်တင်ရေးမစ်ရှင်)Export Promotion Mission)ပါဝင်ကြောင်း သိရသည်။

ထို့ပြင် ဗဟိုအစိုးရအဖွဲ့သည် စုစုပေါင်း ရူပီး ၂၀,၀၀၀ ကုဋေအကုန် အကျခံမည့် ပို့ကုန်တင်ပို့သူများအတွက် ချေးငွေအာမခံအစီအစဉ်(Credit Guarantee Scheme for Exporters)ကို တိုးချဲ့ရန်လည်း အတည် ပြုခဲ့ကြောင်း သိရသည်။

**ပို့ကုန်မြှင့်တင်ရေးမစ်ရှင်၏ အသေးစိတ်အစီအစဉ်များ ထုတ်ပြန်**

အစိုးရက ပို့ကုန်များအတွက် "အဓိကဦးဆောင်မှုအစီအစဉ်" ဟုခေါ်ဝေါ်သောပို့ကုန်မြှင့်တင်ရေးမစ်ရှင် (EPM)သည် အမျိုးမျိုးအဖုံဖုံကွဲပြားလျက်ရှိသော အစီအစဉ်များမှ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေး စိန်ခေါ်မှုများနှင့် ပြောင်းလဲနေသော ပို့ကုန်လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို လျင်မြန်စွာတုံ့ပြန်နိုင်သည့် ရလဒ်အခြေခံသော၊" လိုက်လျောညီထွေရှိသော တစ်ခု တည်းသောယန္တရား"ဆီသို့ မဟာဗျူဟာမြောက် ပြောင်းလဲမှုတစ်ခုကို အမှတ်အသားပြုမည်ဟု ပြောကြားခဲ့သည်။ အဆိုပါ အစီအစဉ်ကို ၂၀၂၆ ဘဏ္ဍာနှစ်မှ ၂၀၃၁ ဘဏ္ဍာနှစ်အထိကာလအတွက် အတည်ပြုခဲ့ကြောင်း သိရသည်။

ဗဟိုအစိုးရအဖွဲ့အစည်းအဝေးအပြီး ထုတ်ပြန်သည့် ကြေညာချက်တွင် "EPM သည် အတိုးနှုန်း ညီမျှရေးအစီအစဉ် (Interest Equalisation Scheme–IES)နှင့် ဈေးကွက်ဝင်ရောက်ခွင့်အစီအစဉ်(Market Access Initiative–MAI)ကဲ့သို့သော အဓိကပို့ကုန်ထောက်ပံ့ရေးအစီအစဉ်များကို ခေတ်မီကုန်သွယ်မှု လိုအပ်ချက်များနှင့်အညီ ပေါင်းစည်းထားသည်ဟု" ဖော်ပြထားသည်။

အဆိုပါမစ်ရှင်ကို Niryat Protsahan နှင့် Niryat Disha ဟူ၍ ပေါင်းစပ်ထားသော အစီအစဉ်ခွဲနှစ်ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမအစီအစဉ်ခွဲသည် အတိုးထောက်ပံ့ငွေ၊ ပို့ကုန်ဆိုင်ရာ ငွေတောင်းခံလွှာရောင်းချခြင်း၊ အပေါင်ပစ္စည်းအာမခံချက်များ၊ အီလက်ထရောနစ်ကုန်သွယ်မှုဆိုင်ရာ ပို့ကုန်လုပ်ငန်းရှင်များအတွက် ခရက်ဒစ်ကတ်များနှင့် ဈေးကွက်သစ်များသို့ ကွဲပြားအောင်ဆောင်ရွက်မှုအတွက် ချေးငွေတိုးမြှင့်ထောက်ပံ့မှုစသည့် ကိရိယာမျိုးစုံမှတစ်ဆင့်၊ “အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)အတွက် တတ်နိုင်သောကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာငွေကို ပိုမိုရရှိ စေရန်" အာရုံစိုက်မည်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အောက်တွင် အစိုးရသည် “ ပို့ကုန်ဆိုင်ရာ သိုလှောင်ရုံများ၊ ထောက်ပံ့ပို့ဆောင်ရေး၊ ပြည်တွင်း သယ်ယူပို့ဆောင်ခပြန်လည်ပေးချေမှုများနှင့် ကုန်သွယ်မှုဆိုင်ရာထောက်လှမ်းရေးနှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ" အတွက်လည်း အထောက်အပံ့များပေးအပ်သွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖြည့်စွက်ဖော်ပြထားသည်။

နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန(DGFT)သည် အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ဌာနအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး၊ လျှောက်လွှာတင်သွင်းခြင်းမှ ငွေထုတ်ပေးခြင်းအထိ လုပ်ငန်းစဉ်အားလုံးကို လက်ရှိ ကုန်သွယ်မှုစနစ်များနှင့် ပေါင်းစပ်ထားသော သီးသန့်ဒစ်ဂျစ်တယ်စနစ်မှ တစ်ဆင့် စီမံခန့်ခွဲသွားမည်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် တတ်နိုင်သော ကုန်သွယ်မှုဆိုင်ရာဘဏ္ဍာငွေကိုရရှိစေရန်၊ အိန္ဒိယထုတ်ကုန်များအတွက်ဈေးကွက်ဝင်ရောက်ခွင့်နှင့်မြင်သာမှုကို မြှင့်တင်ရန်၊ သမားရိုးကျ မဟုတ်သော ခရိုင်များနှင့် ကဏ္ဍများမှ ပို့ကုန်များကို မြှင့်တင်ရန်နှင့် ထုတ်လုပ်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများတစ်လျှောက် အလုပ်အကိုင်များ ဖန်တီးပေးရန် မျှော်မှန်းထားကြောင်း အစိုးရက မှတ်ချက်ပြုခဲ့သည်။

**အမေရိကန်၏ အခွန်မူဝါဒများကြောင့် အိန္ဒိယ၏ပို့ကုန်ကဏ္ဍ ထိခိုက်မှုများ**

အိန္ဒိယတင်ပို့သူများအတွက် အဆိုပါအစီအစဉ်နှစ်ခုထွက်ပေါ်လာခြင်းသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ သွင်းကုန်အခွန်မူဝါဒများကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုမရေရာမှုများ ဖြစ်ပေါ်နေချိန်နှင့် တိုက်ဆိုင်လျက်ရှိကြောင်း တွေ့ရသည်။ အိန္ဒိယနိုင်ငံသည် အဆိုးရွားဆုံး ထိခိုက်ခံရသည့် နိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး အမေရိကန် ပြည်ထောင်စုသို့ တင်ပို့သော ၎င်း၏ ပို့ကုန်များသည် ၅၀ ရာခိုင်နှုန်းအထိ မြင့်မားသော အကောက်ခွန်များကျသင့်နေကြောင်း သိရသည်။

ပြီးခဲ့သည့်လက ထုတ်ပြန်ခဲ့သော တရားဝင်အချက်အလက်များအရ အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန် စည်းမျဉ်းများသည် အထည်အလိပ်၊ ကျောက်မျက်ရတနာနှင့်လက်ဝတ်ရတနာများနှင့် ရေထွက်ကုန်များကဲ့သို့သော အဓိက ကဏ္ဍများကို စတင်ထိခိုက်လာသည်နှင့်အမျှ ပြီးခဲ့သည့် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုသည် နှစ်လ ဆက်တိုက်ကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အမေရိကန်ပြည်ထောင်စုသို့တင်ပို့သည့် ပို့ကုန်တန်ဖိုးသည် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၇ ဘီလီယံ ရှိခဲ့ရာမှ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃ ဘီလီယံသို့ ကျဆင်း သွားခဲ့ပြီး တစ်လအတွင်း ၂၁ ရာခိုင်နှုန်း နီးပါးကျဆင်းမှုကို ပြသခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စုမှ သွင်းကုန်များမှာမူ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈ ဘီလီယံသို့ တိုးမြင့်လာခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယအစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ မသေချာမှုများ၊ ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ခြိမ်းခြောက်မှုများ တိုးမြင့်လာချိန်တွင် ၎င်း၏ပို့ကုန်လုပ်ငန်းများအတွက် အထူးသဖြင့် MSMEs လုပ်ငန်းရှင်များအတွက် လိုအပ်သော အကူအညီအထောက်အပံ့များပေးအပ်နိုင်ရန် ပို့ကုန်မြှင့်တင်ရေးမစ်ရှင် (Export Promotion Mission)အတွက် ရူပီး ၂၅,၀၀၀ ကုဋေအထိအသုံးစရိတ်များသုံးစွဲသွားရန် အတည်ပြုလိုက်ခြင်း ဖြစ်သည်။

Source: NDTV Profit, Cabinet Okays Rs 45,000 Crore Boost For Exporters Amid Global Headwinds, November 13, 2025. ,(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21112025_10:25

## အိန္ဒိယနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် အမေရိကန်အကောက်ခွန်များအပေါ် စိုးရိမ်မှုများကြားမှ ၁၇ ရာခိုင်နှုန်း တိုးတက်

အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်များအပေါ်စိုးရိမ်ပူပန်မှုများရှိနေသော်လည်း ၎င်း၏ ပင်လယ်စာတင်ပို့မှုသည် လက်ရှိဘဏ္ဍာနှစ်၏ ပထမခြောက်လတွင် ၁၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ယခင်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၃,၃၈၅ သန်းမှ အမေရိကန်ဒေါ်လာ ၃,၉၇၄ သန်း အထိရောက်ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ယာယီခန့်မှန်းချက်များအရ စက်တင်ဘာလတစ်လတည်းတွင်ပင် ပင်လယ်စာတင်ပို့မှုများသည် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၆၃၂ ဒသမ ၇၀ သန်းမှ ၂၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၇၈၁ ဒသမ ၀၂ သန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Kings Infra ၏ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲမှုဒါရိုက်တာဖြစ်သူ Shaji Baby John က လက်ရှိဘဏ္ဍာနှစ်၏ ပထမနှစ်လတွင် ကျဆင်းမှုရှိခဲ့သော်လည်း ဈေးကွက်အသီးသီးသို့ တင်ပို့မှုတိုးတက်လာခြင်းသည် အဓိကအားဖြင့် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလဝယ်လိုအားကြောင့်ဖြစ်ကြောင်း businessline သတင်းဌာနသို့ ပြောကြားခဲ့သည်။ ၎င်းက သမ္မတထရမ့်ခေတ်၏ အကောက်ခွန်များကြောင့် အမေရိကန်ပြည်ထောင်စုသို့ ပို့ကုန်တင်ပို့မှုကျဆင်းခြင်းကို ပြန်လည်မျှတစေရန် ဈေးကွက်ချဲ့ထွင်ရာ၌ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပင်လယ်စာထွက်ကုန်တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့(PEDA) နှင့် လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့တိုးတက်လာခြင်းဖြစ်သည်ဟု ချီးကျူးပြောကြားခဲ့သည်။

ဥရောပ၊ အရှေ့တောင်အာရှနှင့် အရှေ့အလယ်ပိုင်းဒေသသို့ တင်ပို့မှုများ တိုးတက်လာနေပြီး ကျန်းမာရေးကို ဂရုစိုက်သော စားသုံးသူများက ပရိုတင်းဓာတ်မြင့်မားသည့် ရွေးချယ်စရာများကိုရှာဖွေလာကြသောကြောင့် ပုစွန်များကို လူကြိုက်များလာခဲ့ကြောင်း၊ ယင်းအချက်ကြောင့် အိန္ဒိယနိုင်ငံ၏ အကြီးဆုံးပင်လယ်စာဝယ်ယူသည့်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုသို့ အဓိကသွားသည့်ပုစွန်တုပ်ကြီးများအစား အခြားဈေးကွက်များတွင် ပိုမိုနှစ်သက်သည့် ပုစွန်အလတ်စားများကို ရေလုပ်ငန်းလုပ်ကိုင်သူများက ယခုအခါအာရုံစိုက်နေကြသည်ဟု ထပ်လောင်းပြောကြားခဲ့သည်။

**ဈေးကွက် စုံလင်ကွဲပြားစေရန်နှင့် တန်ဖိုးမြှင့်တင်ရန် တွန်းအားပေး**

ICAR-ပင်လယ်ငါးဖမ်းလုပ်ငန်း ဗဟိုသုတေသနဌာန (ICAR-CMFRI)တွင်ကျင်းပသော ပင်လယ်ဂေဟစနစ်ဆိုင်ရာ စတုတ္ထအကြိမ်မြောက် နိုင်ငံတကာနှီးနှောဖလှယ်ပွဲ (International Symposium on Marine Ecosystems-MECOS 4) နှင့်အတူကျင်းပသည့် ရေလုပ်ငန်းဆိုင်ရာအစည်းအဝေးတစ်ခုတွင် MPEDA ၏ ဒါရိုက်တာ Ram Mohan က ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စုသို့ ပင်လယ်စာတင်ပို့မှု ၆ ရာခိုင်နှုန်းနီးပါးကျဆင်းခဲ့သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့မှုများမှာ သိသိသာသာတိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။ ယင်းသည် အာရှဈေးကွက်များဆီသို့ဦးတည်၍ ကုန်သွယ်မှုဆိုင်ရာအပြောင်းအလဲများဖြစ်ပေါ်လျက်ရှိသည်ကို ဖော်ပြလျက်ရှိကြောင်းသိရသည်။ အဆိုပါအစည်းအဝေးမှ ဟောပြောသူများသည် တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ဈေးကွက်စုံလင်ကွဲပြားစေရန်၊ ပိုမိုတန်ဖိုးမြှင့်တင်ရန်နှင့် နည်းပညာအခြေပြုဆန်းသစ် တီထွင်မှုများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြဖို့ တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ICAR-ပင်လယ်ငါးဖမ်းနည်းပညာဗဟိုဌာန(CIFT)၏ဒါရိုက်တာ George Ninan က ဆန်းသစ်တီထွင်မှုနှင့် တန်ဖိုးဖန်တီးမှုများအတွက် သုတေသီများ၊ နည်းပညာရှင်များနှင့် ရေထွက်ကုန်လုပ်ငန်းရှင်များကို ပေါင်းစည်းရန် ရေလုပ်ငန်းကဏ္ဍ

တွင်ခိုင်မာသောပေါ်ထွန်းစလုပ်ငန်းများဆိုင်ရာဂေဟစနစ်လိုအပ်ကြောင်းပြောကြားခဲ့သည်။ ရေလုပ်ငန်းကဏ္ဍမှ ခေါင်းဆောင်များက ပင်လယ်စာကုန်ကြမ်းတင်ပို့မှုများကိုကျော်လွန်၍ ကြီးမားသည့်အလားအလာရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များသို့ ပြောင်းလဲထုတ်လုပ်ရမည်ဟု အလေးပေးပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံ၏ လက်ရှိတန်ဖိုးမြှင့် ပင်လယ်စာ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇၄၂ သန်းရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်း၊ ဗီယက်နမ်၊ အီကွေဒေါနှင့် အင်ဒိုနီးရှား ကဲ့သို့သော ပြိုင်ဘက်များထက် များစွာနောက်ကျလျက်ရှိကြောင်း တွေ့ရသည်။

ငင်းတို့က ယှဉ်ပြိုင်နိုင်စွမ်းပြန်လည်ရရှိရန်အတွက် သီးသန့်ရေသတ္တဝါမွေးမြူရေးဇုန်များ ထူထောင်ရန်နှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များ (FTAs)ကို အမြန်ဆုံးဆောင်ရွက်ရန်လည်း အကြံပြုခဲ့ကြသည်။ CMFRI ဒါရိုက်တာ Grinson George က ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကိုဖြေရှင်းရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်များကိုမြှင့်တင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာဈေးကွက်နှင့် ရေရှည်တည်တံ့မှုဆိုင်ရာ စိန်ခေါ်မှုများအပေါ် ခံနိုင်ရည်ရှိအောင် တည်ဆောက်ရန်အတွက် လမ်းပြမြေပုံတစ်ခုကို ပြင်ဆင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

Source: The Hindu Businessline, Maize prices trend below MSP as arrivals pick up amidst easing demand from ethanol, poultry sector, November 4, 2025., (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source :https://myantrade.gov.mm/article/STP(Ygn)_18112025_13:50

## ကင်းလွတ်ဇုန်ကုမ္ပဏီများအား ဒူဘိုင်းကမ္ဘာ့ကုန်သွယ်ရေးစင်တာအာဏာပိုင်အဖွဲ့မှ ရှယ်ယာ မူဘောင်အသစ်များဖြင့် လုပ်ပိုင်ခွင့်များပေးအပ်

ဒူဘိုင်းကမ္ဘာ့ကုန်သွယ်ရေးစင်တာအာဏာပိုင်အဖွဲ့ (DWTCA)သည် DWTC ကင်းလွတ်ဇုန်ရှိ ကုမ္ပဏီများအား ရှယ်ယာအမျိုးအစားများစွာတို့ကိုထုတ်ပေးခွင့်ပြုသည့် မူဘောင်အသစ်တစ်ခုကို စတင်ဆောင်ရွက်လိုက်ပြီဖြစ်ပြီး အရင်းအနှီးဖွဲ့စည်းမှုနှင့် အုပ်ချုပ်မှုအပိုင်းတွင် မကြုံစဖူးပြောင်းလွယ်ပြင်လွယ်ရှိမှုကို ပေးအပ်ခဲ့သည်။

ထင်ရှားသော လှုပ်ရှားမှုတစ်ခုအဖြစ် ဖော်ပြပါပြုပြင်၊ ပြောင်းလဲမှုသည် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန်နှင့် ဆန်းသစ်တီထွင်မှုများကို ရရှိနိုင်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်။ ၎င်းသည် ၂၀၃၃ ခုနှစ်မတိုင်မီ ယူအေအီးနိုင်ငံ၏ စီးပွားရေးကို နှစ်ဆတိုးစေရန်နှင့်ဒူဘိုင်းအား ကမ္ဘာ့ထိပ်တန်းစီးပွားရေးမြို့ပြသုံးခုတွင် ထည့်သွင်းနိုင်ရန် ပစ်မှတ်ထားသည့် ဒူဘိုင်းစီးပွားရေးအစီအစဉ် D33 နှင့် ကိုက်ညီမှုရှိကြောင်း ဖော်ပြထားသည်။

စည်းမျဉ်းသစ်များအရ မှတ်ပုံတင်ထားသောကုမ္ပဏီများသည် ယခုအခါတွင် သာမန်ရှယ်ယာများအပြင် ဦးစားပေးရှယ်ယာများ၊ တည်ထောင်သူများနှင့် ကန့်သတ်ရှယ်ယာများ စသည်တို့အပါအဝင် ရှယ်ယာအမျိုးအစား အမျိုးမျိုးတို့ကို ထုတ်ပေးနိုင်သည့်အပြင် A၊ B၊ C နှင့် D ကဲ့သို့သော အဆင့်အတန်းအလိုက် ရှယ်ယာများကိုလည်း ထုတ်ပေးနိုင်မည်ဖြစ်သည်။ ၎င်းတို့ကို မဲပေးခြင်း၊ အစုရှယ်ယာခွဲဝေမှုများ၊ လွှဲပြောင်းမှု များနှင့် ပြောင်းလဲခြင်းဆိုင်ရာရွေးချယ်နိုင်မှုများနှင့် သက်ဆိုင်သည့် သီးခြားအခွင့်အရေးများနှင့် အခြေအနေများအား သတ်မှတ်ရန်အတွက် ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းမှတစ်ဆင့် စိတ်ကြိုက်ပြင်ဆင်နိုင်မည်ဖြစ်သည်။

DWTCA မူဘောင်တွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အုပ်ချုပ်မှုဆိုင်ရာအကာအကွယ်ပေးမှုများလည်း ပါဝင်သည်။ DWTC ကင်းလွတ်ဇုန်မှ ကင်းလွတ်ဇုန် စည်းမျဉ်းထိန်းသိမ်းရေးလုပ်ငန်းများဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Abdalla Al Banna က ဤအစီအစဉ်သည် ဒေသတွင်းအရင်းအနှီးဖွဲ့စည်းမှုအတွက် စက်မှုလုပ်ငန်းစံနှုန်းအသစ်တစ်ခုကို ချမှတ်ပေးခြင်းဖြစ်ပြီး ဒူဘိုင်း၏ ဦးဆောင်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဗဟိုချက်ဖြစ်လာရန်ရည်မှန်းချက်အပေါ် ထောက်ခံမှုရှိကြောင်း ပြောကြားခဲ့သည်။

ကွဲပြားသော ရှယ်ယာအတန်းအစားများကို ဖွင့်ပေးခြင်းဖြင့် အဆိုပါစနစ်အသစ်သည် ကုမ္ပဏီများအား မတူညီသော စွန့်စားမှုအပေါ် စိတ်ဝင်စားမှုရှိသော ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်မည်ဖြစ်ပြီး၊ တည်ထောင်သူများ၏ ထိန်းချုပ်မှုကို ထိန်းသိမ်းပေးခြင်း၊ မိသားစုရုံးခန်းများကို ဆက်ခံမှုစီမံကိန်းရေးဆွဲရာတွင် ပံ့ပိုးပေးခြင်းနှင့် တန်းတူညီမျှမှုကို အခြေခံသော လှုံ့ဆော်မှုများမှတစ်ဆင့် အရည်အချင်းရှိသူများကို ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

One Za'abeel စီမံကိန်းသို့ DWTCA ၏ဥပဒေဆိုင်ရာစီရင်ပိုင်ခွင့် မကြာသေးမီက တိုးချဲ့မှုအပြီး ၎င်း၏ အခြေခံအဆောက်အအုံနှင့် စီးပွားရေးကမ်းလှမ်းမှုများကို မြှင့်တင်ပေးသည့် ကြေညာချက် ဆက်လက်ထွက်ပေါ်လာခြင်းဖြစ်သည်။

DWTC ကင်းလွတ်ဇုန်၌ လက်ရှိအချိန်တွင် စီးပွားရေးလုပ်ငန်းကဏ္ဍပေါင်း ၄၀ ကျော်တို့မှ ကုမ္ပဏီများကို လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံခြားပိုင်ဆိုင်မှုအပြည့်အဝ၊ ကော်ပိုရိတ်အခွန် သုည ရာခိုင်နှုန်းနှင့် ချောမွေ့သောလိုင်စင်များဖြင့် တက်ကြွသောပတ်ဝန်းကျင်တစ်ရပ်ကို ပေးဆောင်ထားရှိကြောင်း သတင်းဖော်ပြထားသည်။

News Source: Emirates News Agency, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)

Source :https://myantrade.gov.mm/article/STP(Ygn)_17112025_12:30

## ဘရာဇီးနိုင်ငံသို့တီလားပီးယားငါးပထမဆုံးတင်ပို့ခဲ့သည့် ဗီယက်နမ်

ဗီယက်နမ်၏ ဘရာဇီးသို့ တီလားပီးယားငါး ပထမဆုံးတင်ပို့မှုသည် သိသာထင်ရှားသော ကုန်သွယ်မှုသာမက စီးပွားရေးပူးပေါင်းမြှင့်တင်ရန် နှစ်နိုင်ငံစလုံး အားထုတ်မှု၏ အောင်မြင်မှုတစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးဖြစ်သူ Bui Van Nghi က ၂၄ တန်အလေးချိန်ရှိသည့် ဗီယက်နမ်၏ ပထမဆုံး တီလားပီးယားငါးကွန်တိန်နာသည် JBS Group မှတစ်ဆင့် ဟိုချီမင်းဆိပ်ကမ်းမှ ဘရာဇီးသို့ နိုဝင်ဘာလ ၆ ရက်နေ့ ကထွက်ခွာခဲ့ပြီဖြစ်ကြောင်း၊ ၎င်းသည် စီးပွားရေးချိတ်ဆက်ရန်နှင့် ဈေးကွက်များတိုးချဲ့ရန် အားထုတ်မှု၏ ခိုင်မာသောရလဒ်ဖြစ်ကြောင်းနှင့် ဘရာဇီးဈေးကွက်တွင် ဗီယက်နမ်၏ စိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ကုန်များ၏ အရည်အသွေးကို ခိုင်မာစေခဲ့ကြောင်း ပြောကြားခဲ့သည်။

ထိုတင်ပို့မှုသည် ဘရာဇီးနိုင်ငံမှ JBS Group က ဗီယက်နမ်ထံမှတင်သွင်းသည့် စုစုပေါင်း တီလားပီးယားငါးတန်ချိန် ၇၀၀ ရှိသည့် ကွန်တိန်နာ ၃၂ ခုထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။ ထိုငါးများကို ဘရာဇီးရှိ HORECA ဆူပါမားကက်များမှ တစ်ဆင့်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး JBS ၏ ဘရာဇီးရှိ ထုတ်ကုန်ပြသမှု စင်တာတွင်လည်း ခင်းကျင်းပြသသွားမည်ဟု သိရသည်။ ကမ္ဘာ့ထိပ်တန်း အမဲသားနှင့်ကြက်သား ထုတ်လုပ်သူဖြစ်သည့် JBS သည် လတ်တလောတွင် အလုပ်အကိုင် ၂၈၀,၀၀၀ ခန့်အပ်ထားပြီး များစွာသောနိုင်ငံများတွင် စက်ရုံပေါင်း ၁၅၀ ခန့်ဖြင့် လုပ်ငန်းလည်ပတ်နေကြောင်း သိရသည်။ ကုမ္ပဏီသည် ဗီယက်နမ်တွင် စုစုပေါင်း အမေရိကန် ဒေါ်လာ သန်း ၁၅၀ တန်ဖိုးရှိသော အမဲသားပြုပြင်ထုတ်လုပ်သည့်စက်ရုံ ၂ ခုတွင် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ ထိုပထမဆုံးတင်ပို့သည့်ကွန်တိန်နာသည် ဘရာဇီးနိုင်ငံ ဆန်းတို့စ် ဆိပ်ကမ်းသို့ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ Nghi က ဘရာဇီးနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးသည် နှစ်နိုင်ငံစလုံးမှ လုပ်ငန်းများနှင့် ပြည်သူများအား ဆက်လက်ပံ့ပိုးခြင်း၊ ချိတ်ဆက်ခြင်းနှင့် ဗီယက်နမ်ထုတ်ကုန်များ ဘရာဇီးနှင့် တောင်အမေရိက ဈေးကွက်များသို့ ပိုမိုဝင်ရောက်ရန် ကြိုးပမ်းအားထုတ်သွားမည်ဟု ပြောကြားခဲ့သည်။

Source :https://www.doca.gov.mm/my/node/57640

## ဥရောပသမဂ္ဂ၏ သစ်တောဥပဒေထုတ်ပြန်မှုအပြီးတွင် အင်ဒိုနီးရှားနိုင်ငံသည် မြောက်အာဖရိကနိုင်ငံအား စိုက်ပျိုးရေးထွက်ကုန်များတင်ပို့ရန် စိတ်ဝင်စားနေ

ဥရောပသမဂ္ဂ၏ သစ်တောဥပဒေထုတ်ပြန်မှုအပြီး၊ မြောက်အာဖရိကနိုင်ငံရှိ အသေးစားလုပ်ငန်း လုပ်ကိုင်သည့် ကော်ဖီနှင့် ကိုကိုးလယ်သမားသည် EU သို့ဝင်ရောက်နိုင်မှု အန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိသဖြင့် အင်ဒိုနီးရှားနိုင်ငံသည် မြောက်အာဖရိကနိုင်ငံဈေးကွက်အတွင်း ဝင်ရောက်ရန်အတွက် လေ့လာစောင့်ကြည့်မှုများပြုလုပ်နေကြောင်း သိရသည်။

အရာရှိများသည် အင်ဒိုနီးရှားနိုင်ငံလူသုံးကုန်ပစ္စည်းများ တင်ပို့မှုတိုးမြှင့်နိုင်ရန်အတွက် အီဂျစ်နိုင်ငံနှင့် အလုပ်လုပ်နေကြောင်းနှင့် Libya နှင့် Syria တို့အား ဖြစ်နိုင်ချေရှိသော ဈေးကွက်များအဖြစ် စူးစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရေးရာ အကြံပေးဝန်ကြီးဆိုသူ Arif Havas Oegroseno က ပြောကြားခဲ့သည်။ EU ၏ သစ်တောထိန်းသိမ်းရေးဥပဒေသည် စားအုန်းဆီ၊ ကော်ဖီ၊ ကိုကိုးနှင့် ပဲပိစပ်များထုတ်လုပ်ရန်အတွက် သစ်ပင်များခုတ်လှဲမှုကို လျှော့ချရန်ရည်ရွယ်ကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံများသည် ကမ္ဘာ့အကြီးမားဆုံး စားအုန်းဆီတင်ပို့ခြင်းနှင့် ကိုကိုးနှင့် ကော်ဖီစိုက်ပျိုးသည့်နိုင်ငံများဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံအစိုးရသည် လက်ရှိတွင် ရေရှည်သုံးနိုင်သော လေယာဉ်ဆီနှင့် ဇီဝဒီဇယ်များ အသုံးပြုမှုတိုးမြှင့်ခြင်းဖြင့် စာအုန်းဆီအတွက် ပြည်တွင်း ဈေးကွက်ကိုအဆင့်မြှင့်တင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။ Source : https://www.doca.gov.mm/my/node/57627

## အင်ဒိုနီးရှားကော်ဖီရောင်းချမှုအရှိန်မြှင့်တင်ရန် အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား MoU လက်မှတ်ရေးထိုး

တောင်ကိုရီးယားရှိ အင်ဒိုနီးရှားကုန်သွယ်ရေးတာဝန်ရှိသူများနှင့် တောင်ကိုရီးယားနိုင်ငံ Goyang မြို့တော်အစိုးရသည် အင်ဒိုနီးရှားကော်ဖီအရောင်းမြှင့်တင်ရန်အတွက် MoU လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ Busan မြို့တော်ရှိ

အင်ဒိုနီးရှား ကုန်သွယ်မှုမြှင့်တင်ရေးစင်တာ၏ အကြီးအကဲဖြစ်သူ Husodo Kuncoro Yakti က Goyang မြို့တော်အစိုးရသည် မြို့တော်အား ၂၀၂၈ ခုနှစ်တွင် တောင်ကိုရီးယား၏ ကော်ဖီဖြန့်ဖြူးရာအချက်အချာအဖြစ် တည်ထောင်ရန်စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။ Yakti ၏ အဆိုအရ တောင်ကိုရီးယားတွင် ကော်ဖီသောက်သုံးမှု မြင့်တက်လာခြင်းနှင့်အတူ အင်ဒိုနီးရှား ကော်ဖီတင်ပို့သူများသည် ထိုအရှိန်အဟုန်ကို အသုံးချသင့်ကြောင်း သိရသည်။

Yakti က တောင်ကိုရီးယားတွင် ကော်ဖီသောက်သုံးမှုတည်ငြိမ်စွာမြင့်တက်လာခြင်းနှင့် Goyang မြို့တွင် ကော်ဖီဖြန့်ဖြူးမည့်စင်တာဖွင့်လှစ်မည့်အစီအစဉ်သည် အင်ဒိုနီးရှားကော်ဖီအတွက် အကျိုးကျေးဇူးရှိကြောင်းနှင့် ၎င်းတို့သည်ထို ကော်ဖီဖြန့်ဖြူးရေးစင်တာက တောင်ကိုရီးယားတွင်အင်ဒိုနီးရှားကော်ဖီသောက်သုံးမှုကိုအရှိန်မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့် ကြောင်းပြောကြားခဲ့သည်။ MoU ကို Yakti နှင့် Goyang မြို့တော်ဝန် Lee Dong-hwa တို့က တောင်ကိုရီးယားနိုင်ငံတွင် နိုဝင်ဘာလ ၆ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုကနဦးဆောင်ရွက်မှုတွင် အင်ဒိုနီးရှားသည် Goyang မြို့တော်နှင့် ပူးပေါင်းဆောင်ရွက်သည့် ပထမဆုံးမိတ်ဖက်ဖြစ်ကြောင်းသိရသည်။

အင်ဒိုနီးရှားသည် လတ်တလောတွင် တောင်ကိုရီးယားသို့ ၁၃ ခု မြောက်အကြီးမားဆုံး ကော်ဖီရောင်းချသူဖြစ် ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား၏ ရေနံနှင့် ဂက်စ်မဟုတ်သည့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁၃ ဘီလီယံရှိကြောင်း သိရသည်။ အင်ဒိုနီးရှား၏ တောင်ကိုရီးယားသို့ ရေနံနှင့်ဂက်စ် မဟုတ် သည့်ထုတ်ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၂ ဘီလီယံတန်ဖိုးရှိပြီး ရေနံနှင့်ဂက်စ်မဟုတ်သည့် ထုတ်ကုန် တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၂ ဘီလီယံတန်ဖိုးရှိကြောင်း သိရသည်။ နှစ်နိုင်ငံအကြားရေနံနှင့်ဂက်စ်မဟုတ် သည့် ထုတ်ကုန်များကုန်သွယ်မှုမှာ ၂၀၂၀ မှ ၂၀၂၄ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ၈ ဒသမ ၈၄ ရာခိုင်နှုန်း မြင့်တက်လျက်ရှိ ကြောင်း သိရသည်။ Source :https://www.doca.gov.mm/my/node/57657

## အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်း အထည်အလိပ်လုပ်ငန်းကို ကာကွယ်ရန် တစ်ပတ်ရစ် အဝတ်အထည်များ တရားမဝင် တင်သွင်းမှုကို ဖြိုခွဲခဲ့

ဒေသတွင်း အထည်အလိပ်လုပ်ငန်းကို ကာကွယ်ရန်နှင့် ပြည်သူ့ကျန်းမာရေးကို အကာအကွယ်ပေးရန်အတွက် တရားမဝင်တစ်ပတ်ရစ်အဝတ်အထည်များ တင်သွင်းမှုကိုနှိမ်နင်းရန် အင်ဒိုနီးရှားအစိုးရသည် ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ပြီးခဲ့သည့်နိုဝင်ဘာလ ၈ ရက်နေ့တွင် Riau ကျွန်းစုရှိ အကြီးဆုံးမြို့ဖြစ်သည့် Batam တွင် ဒေသခံရဲများက နိုင်ငံတွင်းသို့ အဝတ်အစားများ မှောင်ခိုကူးသည်ဟု သံသယရှိသူလူ ၂၅ ဦးကို ဖမ်းဆီးခဲ့သည်။ Tanjung Uncang ဧရိယာရှိ ထရပ်ကားသုံးစီးပေါ်မှ ကွန်တိန်နာနှစ်လုံးမှ တင်သွင်းလာသော သံသယဖြစ်ဖွယ် ကုန်ပစ္စည်းများအား မြို့တော်ကို ကြီးကြပ်သည့် Barelang ရဲတပ်ဖွဲ့က အဆိုပါ စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့သည်။ အခင်းဖြစ်ပွားရာသို့ ရောက်ရှိ လာသည့် ရဲတပ်ဖွဲ့ဝင်များက တရားဝင်စာရွက်စာတမ်းမရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ဖမ်းဆီးခံရသူ များတွင် ကုန်တင်ယာဉ်မောင်းများနှင့် ကုန်တင်လုပ်သားများလည်း ပါဝင်သည်။ ထိုဖမ်းဆီးရရှိမှုတွင် ရပ်ရွာလူထု၏ အခန်း ကဏ္ဍကို ကျေးဇူးတင်ကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုသည် Batam ဒေသမှာ လူကုန်ကူးသော အလေ့အကျင့်များကို အမြစ်ပြတ်ချေမှုန်းရာတွင် အထောက်အကူပြုကြောင်း Barelang ရဲချုပ် Zaenal Arifin က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသည် ၎င်း၏ပြည်တွင်းအထည်အလိပ်ကဏ္ဍကိုကာကွယ်ရန်၊ အလုပ်အကိုင်ထိန်းသိမ်းရန်နှင့် အထည်များ နှင့်ဆက်စပ်သောကျန်းမာရေးအန္တရာယ်များကို လျှော့ချရန်အတွက် တစ်ပတ်ရစ်အဝတ်များ တင်သွင်းခြင်းကို ကာလရှည်ကြာ တားမြစ်ထားသည်။ စည်းမျဉ်းများကြားမှတင်သွင်းလာသော တစ်ပတ်ရစ်အဝတ်အထည်များ စုဆောင်းခြင်း သို့မဟုတ် ဈေးဝယ်ခြင်းအလေ့အကျင့်သည် အင်ဒိုနီးရှားလူမျိုးများကြားတွင် ရေပန်းစားနေဆဲဖြစ်ပြီး အထူးသဖြင့် တံဆိပ်အသစ်အဝတ် အထည်များသည် ပျမ်းမျှစားသုံးသူတတ်နိုင်သည်ထက် ပိုကုန်ကျလေ့ရှိသောကြောင့်ဖြစ်သည်။ အဆိုပါလမ်းကြောင်းသည် အွန် လိုင်းဈေးကွက်များနှင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများမှတစ်ဆင့် ကျယ်ပြန့်လာသည်။ အဆိုပါ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အစိုးရသည် အွန်လိုင်းမှတင်သွင်းသောတစ်ပတ်ရစ်အဝတ်အစားများ ရောင်းချခြင်းကိုတားဆီးရန် အဓိက e-commerce ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်က အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဝန်ကြီးဌာနသည် ညှိနှိုင်းဆောင်ရွက်မှုအားကောင်းစေရန် အင်ဒိုနီးရှား E-commerce အသင်းမှ ကိုယ်စားလှယ် များနှင့် တွေ့ဆုံ ခဲ့သည်။ တစ်ပတ်ရစ်အဝတ်အထည်များ မှောင်ခိုရောင်းချမှုတွင် ပါဝင်ပတ်သက်သူများကို အစိုးရက ဒဏ်ငွေ၊

ပြစ်ဒဏ်များနှင့် အမည်ပျက်စာရင်းများ ချမှတ်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး Purbaya Yudhi Sadewa က အောက်တိုဘာလ နှောင်းပိုင်းတွင် ပြောကြားခဲ့သည်။ အာဏာပိုင်များက ဆိပ်ကမ်းများတွင်ကြီးကြပ်ကွပ်ကဲမှုတင်းကျပ်ပြီး နိုင်ငံ၏အထည်အလိပ်လုပ်ငန်းကို ပြန်လည်ရှင်သန်လာစေရန်အတွက် ပြည်တွင်းဖြစ် အထည်အလိပ်ထုတ်ကုန်များဆီသို့ ရွှေ့ပြောင်းရန် အထည်အလိပ်ကုန်သည်များကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။ Source:Xinhua

Source:https://www.doca.gov.mm/my/node/58289

## ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၅ ခုနှစ်၊ ၉ လအတွင်း ကန်ဒေါ်လာ ၁၀၁ ဒသမ ၇ ဘီလီယံရှိ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ရုရှား၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၇ ဘီလီယံရရှိခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၁ ဒသမ ၀၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ရုရှား ဖက်ဒရယ်အကောက်ခွန်ဝန်ဆောင်မှုဌာန (Federal Customs Service – FCS) ၏အချက်အလက်များအရ သိရသည်။

အစီရင်ခံကာလအတွင်း ပို့ကုန်ပမာဏသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၀၂ ဒသမ ၈ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၇ ဘီလီယံသို့ကျဆင်းခဲ့သည်။ သွင်းကုန်ပမာဏသည် တန်ဖိုးဒေါ်လာ ၂၀၁ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ဘီလီယံ ကျဆင်းခဲ့သည်။ ယင်းကြောင့် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၅၀၃ ဒသမ ၉ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၂၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ရုရှားမှ ဥရောပနိုင်ငံများသို့ တင်ပို့မှုသည် တန်ဖိုးဒေါ်လာ ၄၂ ဒသမ ၂ ဘီလီယံရှိကာ ၁၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဥရောပနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၅၁ ဒသမ ၅ ဘီလီယံရှိကာ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အာရှနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၂၃၅ ဒသမ ၁ ဘီလီယံရှိကာ ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၁၃၄ ဒသမ ၃ ဘီလီယံရှိကာ သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

တစ်ချိန်တည်းတွင် ရုရှား၏အာဖရိကနိုင်ငံများသို့ တင်ပို့မှုမှာ ဒေါ်လာ ၁၅ ဒသမ ၉ ဘီလီယံရှိကာ ၁၃ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းလာခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုမှာ ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံရှိကာ ၃၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက် ခဲ့သည်။ မြောက်နှင့် တောင်အမေရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုသည် ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံရှိကာ ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၁၁ ဒသမ ၈ ဘီလီယံရှိကာ ၁၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ရုရှား၏အဓိကပို့ကုန်မှာ တွင်းထွက်ပစ္စည်း၊ သတ္တုနှင့်သတ္တုထုတ်ကုန်၊ စိုက်ပျိုးရေးထုတ်ကုန်များဖြစ်ပြီး အဓိက သွင်းကုန်မှာ စက်ယန္တရား၊ စက်ကိရိယာ၊ မော်တော်ယာဉ်များ၊ ဓာတုဗေဒစက်မှုလုပ်ငန်းသုံး ထုတ်ကုန်များ၊ စိုက်ပျိုးရေး ထုတ်ကုန်များဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတွင် ပို့ကုန်ပမာဏသည် တန်ဖိုး အမေရိကန် ဒေါ်လာ ၄၃၃ ဒသမ ၉ ဘီလီယံရှိခဲ့ပြီး သွင်းကုန်သည် ဒေါ်လာ ၂၈၃ ဘီလီယံရှိခဲ့သဖြင့် ကုန်သွယ်မှုပိုငွေသည် ၁၅၀ ဒသမ ၉ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရသည်။

FCS ၏အချက်အလက်များအရ ရုရှားနိုင်ငံ၏ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် သိသာစွာကျဆင်းလျက်ရှိပြီး အာရှနိုင်ငံများနှင့် ကုန်သွယ်မှုသည် တိုးတက်လျက်ရှိကြောင်း သိရသည်။

Source : https://www.kommersant.ru/doc/8193436 ,(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21112025_10:35

## သံသတ္တုရိုင်း၊ အခြေခံအဆောက်အအုံ အကြီးစားပရောဂျက်ကို ဂီနီတွင် စတင်လည်ပတ်ခဲ့

ဂီနီနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး Simandou သံသတ္တုရိုင်းနှင့် အခြေခံအဆောက်အအုံ ပရောဂျက်ကို နိုဝင်ဘာလ ၁၁ ရက် နေ့တွင် စတင်လည်ပတ်ခဲ့သည်။ ကမ္ဘာ့အကြီး ဆုံးသတ္တုတူးဖော်ရေး ကုမ္ပဏီအချို့အပါအဝင် ဂီနီနှင့် ၎င်း၏ ဘဏ္ဍာရေး မိတ်ဖက်များကြား နှစ်အတော်ကြာ ဆွေးနွေးညှိနှိုင်းမှု၏ အထွဋ်အထိပ်ဖြစ်သည်။ စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာ ဘီလီယံ ၂၀ ခန့်ရှိပြီး Rio Tinto၊ Chinalco နှင့် China Baowu Steel Group အပါအဝင် စက်မှုလုပ်ငန်းကြီးများကို စုစည်းကာ သတ္တုတူးဖော်ခြင်း၊ မီးရထားနှင့် ဆိပ်ကမ်းများပါဝင်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံပေါင်းများစွာမှ နိုင်ငံ့အကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများအပြင် မိတ်ဖက်ကော်ပိုရေးရှင်းများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။ ဂီနီသမ္မတနိုင်ငံ ဘူမိဗေဒဝန်ကြီး Bouna Sylla က အဆိုပါ အကြီးစားစီမံကိန်းသည် ဂီနီနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် နှစ်ဦးစလုံးအတွက် စီးပွားရေးနှင့်လူမှုရေး အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဟု ပြောကြားခဲ့သည်။ ရထားလမ်းသည် ကီလို မီတာ ၆၀၀ ကျော် ရှည်လျားပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးနှစ်ခုလုံးကိုပံ့ပိုးပေးမည်ဖြစ်ကြောင်းသိရသည်။ Source: https://www.doca.gov.mm/my/node/58291

## ဖိလစ်ပိုင်နိုင်ငံမှ အော်ဂဲနစ်စားသောက်ကုန်များအား အိန္ဒိယဈေးကွက်သို့တင်ပို့ရန် ရည်မှန်းထား

ဖိလစ်ပိုင်နိုင်ငံသည် အော်ဂဲနစ်စားသောက်ကုန်ပစ္စည်းများကို အိန္ဒိယဈေးကွက်သို့ ချဲ့ထွင်သွားရန် ရည်မှန်းထားကြောင်းနှင့်၂၀၂၈ ခုနှစ်တွင် အာရှနိုင်ငံများကြား တတိယအကြီးဆုံးဈေးကွက်နေရာရရှိပြီး စိုက်ပျိုးရေးကဏ္ဍကုန်သွယ်မှုအား ပိုမိုတိုးမြှင့်သွားရန်ဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလက ကျင်းပပြုလုပ်ခဲ့သည့် World Food India 2025 ကာလအတွင်း သီးခြားဆွေးနွေးခဲ့ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးမှ ပြောကြားခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးသို့တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များသည် ဖိလစ်ပိုင်နိုင်ငံမှကုန်ထုတ်လုပ်သူများနှင့် ချိတ်ဆက်နိုင်ရေး လေ့လာခဲ့ပြီး အထူးသဖြင့် အမျိုးသမီးများ ဦးဆောင်သည့် အော်ဂဲနစ်စားသောက်ကုန်လုပ်ငန်းများအတွက် ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ကိုယ်စားလှယ်အဖွဲ့သည် အိမ်မွေးတိရစ္ဆာန်စားသောက်ကုန်များ၊ အသီးအရွက်ကိုအခြေခံသည့် စားသောက်ကုန်များ၊ အဖျော်ယမကာများနှင့်အထူးစီမံပြုလုပ်သည့် စားသောက်ကုန်လုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲများတွင်လည်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယစားသောက်ကုန်ထုတ်လုပ်ရေးဝန်ကြီးဌာနနှင့်လည်း ဈေးကွက်ချိတ်ဆက်နိုင်ရေး၊ ကုန်သွယ်ရေးဆိုင်ရာ အဆင်ပြေလွယ်ကူချောမွေ့စေရေး၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ ထပ်မံ၍ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ စံသတ်မှတ်ချက်နှုန်းထားများ၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် စီမံဆောင်ရွက်ထားမည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးပြောကြားခဲ့ကြောင်း ဖော်ပြပါရှိသည်။ (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_24112025_14:21

# ပြည်တွင်းကုန်သွယ်မှုသတင်း

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်နေမှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာထွက်ပို့ကုန်သီးနှံများ အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ အဓိကလယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်းနှင့် ရေထွက်ကုန်များကို ပြည်ပသို့ နှစ်စဉ်တင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာထွက်ကုန်သီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် မြန်မာ့ပေါ်ဆန်းဆန်ကို ကမ္ဘာ့ဈေးကွက်သို့ အဆင့်မီတင်ပို့နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ဒေသတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် စက်ပစ္စည်းနှင့် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း၊ MSMEs လုပ်ငန်းများမှ ထွက်ရှိသောပစ္စည်းများမှာ များစွာတိုးတက်ကောင်းမွန်လာပြီဖြစ်၍ ဈေးကွက်အတွင်း ရောင်းအားတိုးမြင့်လာသည်ကို တွေ့ရှိရကြောင်း၊ ပြည်သူများသက်သာသော ဈေးနှုန်းဖြင့်ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ပြည်ပမှ စားအုန်းဆီများကို လုံလောက်အောင် တင်သွင်းဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူလက်ဝယ်ရောက်ရှိအောင် စနစ်တကျဖြန့်ဖြူးပေးရန်လိုအပ်ကြောင်းနှင့် ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများ

ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကဏ္ဍအလိုက်ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ပဲနှမ်းအသင်းဥက္ကဋ္ဌ၊ ဟသာၤတမြို့နယ် ဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌနှင့် ဟသာၤတမြို့ ဆီစက်ပိုင်ပိုင်ရှင်များအသင်းဥက္ကဋ္ဌတို့က သီးနှံများကြိတ်ခွဲထုတ်လုပ်တင်ပို့နိုင်မှု၊ ပြည်တွင်းသို့ ဖြန့်ဖြူးပေးနိုင်မှု တို့အား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးငွေးမြင့်က လုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံတော်မှချမှတ်ပေးထားသည့် စီးပွားရေးဦးတည်ချက်များနှင့်အညီ ရည်မှန်းချက်များချမှတ်၍ အကောင် အထည်ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစက်မှုစီးပွားရေးလုပ်ငန်းတွင်ပါဝင်သည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစဉ် အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငါးသားဖောက်ခြင်း Smart Hatchery & Nursery ကို အဆင့်လိုက် ဆောင်ရွက်လျက်ရှိမှု၊ ငါးသားပေါက်များအား ပြုစုမွေးမြူခြင်း Smart Grow Out Farm စမ်းသပ်ဆောင်ရွက်လျက်ရှိမှုနှင့် စမ်းသပ်ဆောင်ရွက်ခြင်း၏ ရလဒ်များ၊ လုပ်ငန်းစတင် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ နိုင်ငံတကာ စံညွှန်းများနှင့်အညီ ငါးအစာ Feed Factory တည်ဆောက်မှုလုပ်ငန်းစဉ်များ၊ Seafood Processing & Cold Storage Plant ဆောင်ရွက်လျက်ရှိမှု၊ စက်ပစ္စည်းကိရိယာများ စတင်တပ်ဆင်ဆောင်ရွက်လျက်ရှိမှု၊ စပါးခွံသုံး Biomass Power Plant ထည့်သွင်း တည်ဆောက်ထားရှိသဖြင့် ကိုယ်ပိုင်လျှပ်စစ်စွမ်းအား ထုတ်လုပ်နိုင်သည့်အပြင် ငါးထုတ်ကုန်များကို အလေအလွင့်လုံးဝမရှိသည်အထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ထားရှိမှု၊ အလုပ်အကိုင် အခွင့် အလမ်းဖန်တီးပေးနိုင်မှုနှင့် ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်တက်လာစေရေးပြုစုပျိုးထောင်ပေးလျက်ရှိမှု အခြေအနေတို့အား ရှင်းလင်းပြသခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။ Source: https://commerce.gov.mm/my/article/minister-news/32722

## ပြည်ပကုန်သွယ်မှုသတင်း

### ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဆိုင်ရာနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အက်ခ်မက်ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကျင်းပခြင်း

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်၍ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဆိုင်ရာနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အက်ခ်မက် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေး (The 2nd ACMECS Coordinating Committee on Trade, Investment and Industry, and on Financial Cooperation) ကို အက်ခ်မက်မဏ္ဍိုင် ထပ်တူကျသော -၂ အက်ခ်မက်စီးပွားရေး (Synchronized ACMECS Economics)၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနကဦးဆောင်၍ Virtual စနစ်ဖြင့်ကျင်းပခဲ့သည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က အက်ခ်မက်အဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် လုပ်ငန်းစဉ်များအားလုံး ညီညွတ်မှုရှိစေရေးနှင့် လွယ်ကူစေရေး ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများရှိ အဖွဲ့အစည်းများအကြား စွမ်းဆောင်ရည်ကွာဟမှုမရှိစေရန်၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ငန်းများကိုတိုးမြှင့်ဆောင်ရွက်ရန်၊ ကုန်စည်များ ဈေးကွက်ဝင်ရောက်မှုကိုမြှင့်တင်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံတွင်

အပင်ပိုးမွှားနှင့်ဘေးအန္တရာယ်ကင်းရှင်း ရေးဆိုင်ရာစီမံဆောင်ရွက်မှုများ၊ ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် နည်းပညာဆိုင်ရာ အတားအဆီးများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ACMECS Master Plan 2019–2023 ကိုအခြေခံ၍ ACMECS Master Plan 2026–2030 ပြင်ဆင်ရေးဆွဲနိုင်ရန်၊ မန္တလေးလျှင်ပြီးနောက် မြန်မာ့ MSMES များ ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန်၊ အက်ခ်မက် အဖွဲ့ဝင်နိုင်ငံများအကြား အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန်၊ အက်ခ်မက်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ(ACMDF) တည်ထောင်ခြင်းမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများတွင် စီမံကိန်းဆောင်ရွက်မှုများအတွက် ရန်ပုံငွေထောက်ပံ့မှုရရှိစေရန်နှင့် ဒေသတွင်းစီးပွားရေးနှင့် ငွေကြေးဆိုင်ရာပေါင်းစည်းမှု ပိုမိုခိုင်မာလာစေရေး ငွေကြေးဈေးကွက် ချိတ်ဆက်မှုကို ပိုမိုမြန်ဆန်လာစေရန်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လယ် ၁၁ : ၃၀ နာရီတွင်ရုပ်သိမ်းခဲ့သည်။ Source:https://myantrade.gov.mm/event/Naypyitaw_STP_%206.11.2025%2014:00%20pm

## အထူးဆောင်းပါးများ

### ဂျပန်အစိုးရ၏ စီးပွားရေးပြန်လည်ကောင်းမွန်စေရေးဆိုင်ရာ စီမံချက်တွင် ဈေးနှုန်းသက်သာစွာဖြင့် ဆန်ဝယ်ယူခွင့်ရရှိမည့် Rice Vouchers များ ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်

ဂျပန်နိုင်ငံတွင် ဆန်ဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိခြင်းကြောင့် ဂျပန်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ကောင်းမွန်စေရေးဆိုင်ရာ စီမံချက်တွင် ဈေးနှုန်းသက်သာစွာဖြင့် ဆန်ဝယ်ယူခွင့်ရရှိမည့် Rice Vouchers များ ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့ ထုတ် The Mainichi သတင်းစာတွင် “Japan gov't to include rice vouchers in upcoming economic stimulus” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် အချို့သောပြည်နယ်ဒေသများအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ဆန်ဝယ်ယူ ခွင့်ရရှိမည့် Rice Vouchers များကို ဖြန့်ဖြူးပေးပြီးဖြစ်ကြောင်းနှင့် ဗဟိုအစိုးရအနေဖြင့် အိမ်ထောင်စုများကို အဆိုပါ Rice Vouchers များ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီး Norikazu Suzuki က ပြောကြားထားကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံရှိ ပြည်နယ်ဒေသများအနေဖြင့် ပြည်နယ်အလိုက်ရရှိသည့် ဘဏ္ဍာငွေကိုအသုံးပြု၍ အစိုးရ၏ ပံ့ပိုးပေးမှု အစီအစဉ်များကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိကြောင်းနှင့်ဗဟိုအစိုးရအနေဖြင့် အချို့သောပြည်နယ်အစိုးရများမှ ဆောင်ရွက်လျက်ရှိသည့် ဈေးနှုန်းသက်သာစွာဖြင့် ဆန်ဝယ်ယူခွင့်ရရှိမည့် Rice Vouchers များ ပေးအပ်နိုင်ရေးအတွက် ချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် ဆန် ၅ ကီလိုဂရမ် ၁ အိတ်၏ ပျမ်းမျှဈေးနှုန်းမှာ ၄,၀၀၀ ယန်း (အမေရိကန်ဒေါ်လာ ၂၆ ဒေါ်လာ) ရှိပြီး စားသောက်ကုန်ဈေးနှုန်းမှာလည်း ဆက်တိုက်မြင့်တက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပင်စင်လစာအပေါ် မှီခိုနေရသည့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များရှိသည့် အိမ်ထောင်စုများအပေါ် ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ သို့သော် Rice Vouchers များ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အုပ်ချုပ်မှုနှင့်ပို့ဆောင်ခများ ကုန်ကျလာနိုင်မည်ဖြစ်ကြောင်း၊ အချို့သော ပြည်နယ်အစိုးရများအနေဖြင့် Rice Vouchers များကို ရရှိနိုင်မည့်သတ်မှတ်ချက်များနှင့် ကိုက်ညီသူများထံသို့သာပေးပို့လျက်ရှိကြောင်း၊ အဆိုပါ စီမံကိန်းကို ဖော်ဆောင်နိုင်ရေးအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ Rice Coupons တန်ဖိုး၏ ၁ ဒသမ ၅ ဆ ရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယခင်အစိုးရအနေဖြင့် နိုင်ငံ့အရန်ဆန်များကိုထုတ်ရောင်းကာ ဆန်ဈေးနှုန်းကျဆင်းစေရေး ဆောင်ရွက်ခဲ့မှုကြောင့် လက်ရှိတွင် နိုင်ငံ့အရန်ဆန်ပမာဏမှာ ပုံမှန်ထက်ပင်များစွာ ကျဆင်းလျက်ရှိကြောင်း အစိုးရသစ်၏ စိုက်ပျိုးရေးဝန်ကြီးက ပြောကြားထားကြောင်း၊ ဂျပန်အစိုးရအနေဖြင့် စီးပွားရေးပြန်လည် ကောင်းမွန်စေရေးဆိုင်ရာစီမံချက်ကို ဖော်ဆောင်နိုင်ရေး အတွက် ဖြည့်စွက်ရန်ပုံငွေ အမြန်ဆုံးရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ငွေကြေးဖောင်းပွမှုကြောင့် ဖြစ်ပေါ်လျက်ရှိသည့် သက်ရောက်မှုများ လျော့နည်းစေရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် Ms. Sanae Takaichi က ပြောကြားထားကြောင်း ဖော်ပြထားသည်။

**တင်ပြချက်**

ကမ္ဘာ့နိုင်ငံများအကြား ပထဝီနိုင်ငံရေးအရ အားပြိုင်မှုများကြောင့် ဂျပန်နိုင်ငံ၌ သွင်းကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ကာ နိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုများ ဆက်တိုက်မြင့်တက်စေလျက်ရှိသည်။ လက်ရှိတွင် ဂျပန်အစိုးရအနေဖြင့် အခြေခံလစာ တိုးမြှင့်မှုနှုန်းထားအား လူသုံးကုန်ဈေးနှုန်းများမြင့်တက်မှုနှုန်းနှင့်အညီ တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသော်လည်း ငွေကြေးဖောင်းပွမှုနှုန်းနှင့်အညီ လစာနှုန်းထားများကို တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးသည့်အတွက် အိမ်ထောင်စုများအပေါ် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရသည်။ ဂျပန်အစိုးရအနေဖြင့် နိုင်ငံအတွင်း ဆန်အပါအဝင် စားသောက်ကုန် ဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိခြင်းကြောင့် ငွေကြေးဖောင်းပွမှုကျဆင်းလာစေရေး အတွက် အစိုးရမှဖော်ဆောင်မည့် စီးပွားရေးပြန်လည်ကောင်းမွန်စေရေးဆိုင်ရာ စီမံချက်တွင်ဈေးနှုန်း သက်သာစွာဖြင့် ဆန်ဝယ်ယူခွင့်ရရှိမည့်Rice Vouchers များ ပေးအပ်နိုင်ရေးစီစဉ်လျက်ရှိကြောင်း သုံးသပ်ရသည်။(သူဇာဖြိုး၊ စီးပွားရေးသံမှူး)

Source: ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး၊ တိုကျိုမြို့

## အိန္ဒိယအနေဖြင့် ရုရှားရေနံစိမ်းအတွက် အခြားနိုင်ငံများမှ အစားထိုးဝယ်ယူနိုင်သော်လည်း ကုန်ကျစရိတ်ကြီးမည်ဟု ဆန်းစစ်သူများထောက်ပြ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရုရှား၏အကြီးဆုံးရေနံကုမ္ပဏီကြီးနှစ်ခုကို ဒဏ်ခတ်အရေးယူမှုများချမှတ်ပြီး နောက် အိန္ဒိယရေနံချက်စက်ရုံများသည် ရုရှားရေနံစိမ်းဝယ်ယူမှုကို ရပ်တန့်သွားနိုင်ကြောင်း၊ သို့ရာတွင် ယင်းကြောင့်ကုန်ကျစရိတ်များလာမည်ဖြစ်ကြောင်း လေ့လာဆန်းစစ်သူများကပြောကြားခဲ့သည်။

အမေရိကန် – အိန္ဒိယကူးသန်းရောင်းဝယ်ရေးသဘောတူညီချက်တစ်ခုတွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ရုရှား ရေနံ သွင်းကုန်များလျှော့ချရန် အိန္ဒိယဝန်ကြီးချုပ်နရန်ဒြာမိုဒီက သဘောတူထားသည်ဟု ထရမ့်က ပြောကြားထားသော်လည်း အိန္ဒိယက ယင်းကိုအတည်ပြုချက်မပေးထားကြောင်း သိရသည်။

ရုရှားမှ လျှော့ဈေးရေနံများဝယ်ယူခြင်းဖြင့် ယူကရိန်းစစ်ပွဲအတွက် ရုရှားကို ငွေကြေးထောက်ပံ့ပေးနေသည်ဟု အမေရိကန်အရာရှိများက အိန္ဒိယအားစွပ်စွဲခဲ့ပြီး ထရမ့်က အမေရိကန်သို့ အိန္ဒိယတင်ပို့မှုများအတွက် အကောက်ခွန်ကို ၅၀ ရာခိုင်နှုန်းအထိမြှင့်တင်ခဲ့သည့်နောက် ဩဂုတ်လတွင် နှစ်နိုင်ငံဆက်ဆံရေး ကျဆင်းသွားခဲ့သည်။

အမေရိကန်၏ ယခုဒဏ်ခတ်အရေးယူမှုများကြေညာပြီးနောက် ရေနံဈေးနှုန်းများ ငါးရာခိုင်နှုန်း ကျော်မြင့်တက်သွား ခဲ့ကြောင်းသိရပြီး ONYX Capital မှ Montepeque က AFP သို့ ပြောကြားရာတွင် ပြန်လည်ချိန်ညှိခြင်းဆိုသည်မှာ" အစားထိုးရေနံဆီများအတွက် ကုန်ကျစရိတ်ပိုမိုမြင့်မားနေခြင်းဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသသည် ရွေးချယ်စရာ တစ်ခုဖြစ်ပြီး ဈေးနှုန်းများလည်း မြင့်တက်လာနေကြောင်း ပြောကြားခဲ့သည်။

ရုရှားရေနံစိမ်းအား အဓိကဝယ်ယူသူဖြစ်သည့် Reliance Industries က အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ဝယ်ယူ မှုများကို ပြန်လည်ချိန်ညှိခြင်းဆောင်ရွက်ခဲ့သည်မှာ အမေရိကန်၏ ဒဏ်ခတ်အရေးယူမှုများမချမှတ်မီကပင် ပြုလုပ်ခဲ့ ခြင်းဖြစ် သည်ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံးရေနံစိမ်းတင်သွင်းသည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့် အိန္ဒိယသည် ၎င်း၏ရေနံ လိုအပ်ချက်၏ ၈၅ ရာခိုင်နှုန်းအတွက် နိုင်ငံခြားရောင်းချသူများအပေါ် မှီခိုနေရသည်။

ယခင်က အရှေ့အလယ်ပိုင်းဒေသထွက်ရေနံဆီများကို မှီခိုအားထားခဲ့ရသော်လည်း ၂၀၂၂ ခုနှစ်တွင် အနောက်နိုင်ငံ များ၏ ပိတ်ဆို့အရေးယူမှုကြောင့် ရုရှားနိုင်ငံ၏ ရေနံတင်ပို့မှုလမ်းကြောင်းကျဉ်းသွားချိန်ကို အခွင့်ကောင်းယူကာ အိန္ဒိယသည် ဈေးသိသိသာသာချိုသာသည့် ရုရှားရေနံစိမ်းများကို စတင်ဝယ်ယူခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အချက်အလက် များ လေ့လာစောင့်ကြည့်ရေးအဖွဲ့ Kpler ၏ထုတ်ပြန်ချက်အရ အိန္ဒိယသည် စက်တင်ဘာလတွင် ရုရှားမှ နေ့စဉ် ရေနံစိမ်း စည်ပေါင်း ၁ ဒသမ ၆ သန်းကျော်သွင်းယူခဲ့သည်။

ဒဏ်ခတ်မှုများချမှတ်ခါနီး အောက်တိုဘာ ၂၁ ရက်က ပြုလုပ်ခဲ့သောမှတ်ချက်တွင် Kpler က ယင်း စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများသည် "သိသိသာသာကောင်းမွန်နေဆဲ" ဟုဖော်ပြခဲ့သည်။ စီးပွားရေး၊"စာချုပ်ဆိုင်ရာနှင့် နည်းဗျူဟာ မြောက်အကြောင်းပြချက်များကြောင့် ရုရှားရေနံသည် အိန္ဒိယ၏ စွမ်းအင်စနစ် ထဲတွင် နက်ရှိုင်းစွာအမြစ်တွယ်လျက်ရှိသည် " ဟု ၎င်းက ပြောကြားထားသည်။

ရုရှားရေနံစိမ်းသည် အိန္ဒိယအတွက် ဖွဲ့စည်းပုံအရ အလွန်အရေးကြီးဆဲဖြစ်ကြောင်း၊ ၎င်းသည် စုစုပေါင်းသွင်းကုန်၏ ၃၄ ရာခိုင်နှုန်းခန့်ရှိပြီး ရေနံချက်စက်ရုံများအတွက် လျစ်လျူရှု၍မရသော သိသိသာသာ လျှော့ဈေးများပေးစွမ်းနေဆဲဖြစ်ကြောင်း ပြောကြားထားသည်။ သို့ရာတွင် အိန္ဒိယရေနံချက်စက်ရုံများအနေဖြင့် ပြောင်းလဲဆောင်ရွက်ရန် နည်းပညာပိုင်းအရ ခက်ခဲမည်မဟုတ်ဟု လေ့လာဆန်းစစ်သူများက ပြောကြားခဲ့သည်။

စင်ကာပူအခြေစိုက် ရေနံဈေးကွက်ဆန်းစစ်သူ Vandana Hari က လိုအပ်ပါက အိန္ဒိယရေနံချက် စက်ရုံများသည် အလွယ်တကူပြောင်းလဲဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း အခြားတစ်ဖက်တွင် ရေနံချက်စက်ရုံများ၏ အမြတ်အစွန်းကို ဖိအားများဖြစ်လာစေနိုင်ကြောင်းနှင့် သွင်းကုန်ကုန်ကျစရိတ်များ မြင့်တက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Hari က အိန္ဒိယရူပီးငွေတန်ဖိုးကျဆင်းမှုသည် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟုဆိုသော်လည်း ရေနံဈေးနှုန်း ၇၀ ဒေါ်လာမှ ၈၀ ဒေါ်လာအတွင်းသာရှိခဲ့လျှင် ကြုံတွေ့ရနိုင်သည့် ဈေးကြီးမှုအဆင့်ထိ မရောက်နိုင်ဟု ပြောကြားခဲ့သည်။

အိန္ဒိယကုန်သွယ်ရေးဝန်ကြီး Piyush Goyal က ကြာသပတေးနေ့တွင် နိုင်ငံပိုင်မီဒီယာများမှ ဖော်ပြခဲ့သော မှတ်ချက်များတွင် အမေရိကန်နှင့် ဆွေးနွေးမှုများသည် တိုးတက်မှုရှိနေပြီး မကြာမီအနာဂတ်တွင် တရားမျှတပြီး တန်းတူညီမျှသော သဘောတူညီချက်ရရှိရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

လေ့လာဆန်းစစ်သူများက ကြာသပတေးနေ့တွင် ကူးသန်းရောင်းဝယ်ရေး သဘောတူညီချက်ရရှိက ရေနံဈေးနှုန်း မြင့်တက်မှုအတွက် မျှချေပြန်ဖြစ်သွားနိုင်ပါကြောင်း၊ ရုရှားမှ ရေနံတင်သွင်းမှုကို ပြန်လည်ချိန်ညှိခြင်း၏ ရေတိုကုန်ကျစရိတ်ထက် အမေရိကန်၏အခွန်(tariffs)လျှော့ချခြင်းမှ ရရှိမည့်အကျိုးကျေးဇူးက ပိုမိုကောင်းမွန်မည်ဟု ယုံကြည်ကြောင်း ပြောကြားထားသည်။

Source: India can switch from Russian crude, but at a cost, The Economic Times, 24 October 2025 ,

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_06112025_15:07](https://myantrade.gov.mm/article/STP(Ygn)_06112025_15:07)

## အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ပဲစင်းငုံသီးနှံ၏ ၄၀ ရာခိုင်နှုန်းနီးပါး ဆုံးရှုံးမှုရှိမည်ဟုခန့်မှန်း

အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်ရှိ တောင်သူများနှင့် ခရိုင်စိုက်ပျိုးရေးအရာရှိများသည် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ပဲစင်းငုံသီးနှံ၏ ၄၀ ရာခိုင်နှုန်းနီးပါးဆုံးရှုံးမှုရှိမည်ဟု ခန့်မှန်းလျက်ရှိကြောင်း The Hindu Businessline သတင်းဌာနက အောက်တိုဘာလ ၂၈ ရက်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံထုတ်လုပ်မှုအများဆုံးပြည်နယ်တစ်ခုဖြစ်သော အဆိုပါပြည်နယ်သည် နိုင်ငံ့ထုတ်လုပ်မှုတွင် သိသာထင်ရှားသောဝေစုကို ပံ့ပိုးပေးထားသည်။ အဆိုပါအခြေအနေကြောင့် လာမည့်လများတွင် ပဲမျိုးစုံဈေးကွက်၌ အနှောင့်အယှက်များဖြစ်ပေါ်စေရန် အလားအလာများရှိနေသည်။ သို့သော် ပဲစင်းငုံကို Tanzania၊ Mozambique နှင့် Malawi ကဲ့သို့သော အာဖရိကနိုင်ငံများမှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ (ရူပီး ၄,၈၀၀) ဝန်းကျင်ဖြင့် တင်သွင်းမှုများရှိသည့်အတွက် အိန္ဒိယနိုင်ငံ၏ လတ်တလော ပဲရောင်းလိုအား ပြတ်လပ်မှုကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယူဆထားသည်။

အဆိုပါတင်သွင်းဈေးနှုန်းသည် ၂၀၂၆ ခုနှစ် ဖွန်လအထိ လက်ရှိရာသီအတွက် သတ်မှတ်ထားသော ပဲစင်းငုံ တစ်တန်လျှင် ရူပီး ၈၀,၀၀၀ ဖြစ်သည့်ကြမ်းခင်းဈေး (MSP)အောက်များစွာသက်သာလျက်ရှိသည်။ ၂၀၂၄ -၂၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် ပဲစင်းငုံတန်ချိန် ၃၅ ဒသမ ၆၁ သိန်းထုတ်လုပ်ခဲ့ပြီး Maharashtra ပြည်နယ်သည် ပြည်နယ်အားလုံးတွင် အများဆုံးဖြစ်သည့်တန်ချိန် ၁၃ ဒသမ ၂၅ သိန်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့်တောင်သူများသာယာဝပြောရေးဦးစီးဌာန၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ၂၀၂၄ -၂၅ ဘဏ္ဍာနှစ်တွင် ဟက်တာ ၄၆ ဒသမ ၄၅ သိန်းမှ ယခုနှစ် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် ဟက်တာ ၄၆ ဒသမ ၆၀ သိန်းအထိ အနည်းငယ်တိုးမြင့်လာခဲ့ကြောင်း သိရသည်။

Maharashtra ပြည်နယ်၏ စိုက်ပျိုးဧရိယာသည် ပြီးခဲ့သည့်နှစ်က ဟက်တာ ၁၁ ဒသမ ၈၉ သိန်း ရှိခဲ့ပြီး ယခုရာသီတွင် ဟက်တာ ၁၁ ဒသမ ၆၀ သိန်းကျော်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းကျော်သည်

Maharashtra၊ Karnataka၊ Madhya Pradesh၊ Uttar Pradesh၊ Gujarat၊ Jharkhand၊ Telangana နှင့် Andhra Pradesh ပြည်နယ်ရှစ်ခုမှ လာကြောင်းသိရသည်။

ပဲစင်းငုံကို ပုံမှန်အားဖြင့် ဇွန်လနှင့် ဇူလိုင်လများတွင် စိုက်ပျိုးပြီးရက်ပေါင်း ၁၂၀ မှ ၁၈၀ ကြာပြီးနောက် ရိတ်သိမ်းလေ့ရှိသည်။ သို့သော် ပဲစင်းငုံအဓိကထုတ်လုပ်သည့်ခရိုင်များဖြစ်သော Ahilyanagar၊ Sangli၊ Satara၊ Pune၊ Beed၊ Solapur၊ Latur နှင့် Marathwada ဒေသအချို့တို့တွင် မိုးသည်းထန်စွာနှင့် ကြာရှည်စွာရွာသွန်းမှုများကြောင့် ပန်းပွင့်ချိန်နှင့်အသီးအနှံဖြစ်ပေါ်ချိန် နှစ်ဆင့်စလုံးတွင် သီးနှံများပျက်စီးခဲ့ရကြောင်း တွေ့ရသည်။

Latur ခရိုင် စိုက်ပျိုးရေးအရာရှိ Shivsamb Ladke က "ဧရိယာအများအပြားမှာ ရေဝပ်နေဆဲဖြစ်လို့ ပဲစင်းငုံသီးနှံ ၄၀ ရာခိုင်နှုန်းခန့်ပျက်စီးနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။ ၎င်းက "မိုးတွေရပ်သွားပြီးနောက်မှာတောင်မှ သက်ရောက်မှုက ပြင်းထန်နေဦးမှာဖြစ်ပြီး စိုက်ခင်းအများစုမှာ ညှိုးနွမ်းမှုတွေမြင်တွေ့ရတယ်" ဟုလည်း ပြောကြားခဲ့သည်။ Latur သည် ပဲကြိတ်ခွဲစက်များ ပေါ်များစွာရှိသော အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ပဲမျိုးစုံဈေးကွက်များထဲမှ တစ်ခုဖြစ်သည်။ Ahmednagar ခရိုင် စိုက်ပျိုးရေးအရာရှိ Sudhakar Borale ကလည်း အလားတူစိုးရိမ်ပူပန်မှုများကို ထပ်လောင်းပြောကြားခဲ့ပြီး ခရိုင်၏ နေရာအနှံ့အပြားမှ ကျယ်ပြန့်သော ပျက်စီးဆုံးရှုံးမှုများ အစီရင်ခံစာများ ရောက်ရှိလာကြောင်း ပြောကြားခဲ့သည်။

အဆိုပါပျက်စီးဆုံးရှုံးမှု၏ အဓိကအကြောင်းရင်းမှာ အပင်၏ရေနှင့် အာဟာရသယ်ယူပို့ဆောင်ရေးစနစ်ကို ပိတ်ဆို့သည့်မြေဆီလွှာမှ ပေါက်ဖွားသော မှိုရောဂါပိုးဖြစ်သည့် Fusarium wilt ကြောင့်ဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးရေးကျွမ်းကျင်သူ Deepak Chavan က ကွင်းဆင်းအကဲဖြတ်မှုများအရ အဆိုပါ ရောဂါသည် စိုက်ပျိုးထားသော ပဲစင်းငုံသီးနှံ၏ ၂၅ မှ ၃၀ ရာခိုင်နှုန်းခန့်ကို ထိခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းကဒီဆုံးရှုံးမှုဟာ မကြာသေးမီလတွေက" ရေကြီးမှုကြောင့် ဖြစ်ခဲ့တဲ့ ပျက်စီးဆုံးရှုံးမှုတွေအပြင် ထပ်တိုး ဖြစ်ပေါ်လာတာပါဟု မှတ်ချက်ပြုခဲ့သည်။ သို့သော် ပဲစင်းငုံအပါအဝင် " ပဲမျိုးစုံကို ဆက်လက်တင်သွင်းလျက်ရှိခြင်းကြောင့် စားသုံးသူများသည် ဈေးကွက်အတွင်း သက်ရောက်မှုကိုခံစားရမည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

Source: The Hindu Businessline, Maharashtra’s tur production may drop 40% on crop damage due to rain, floods, October 28, 2025.,(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_08112025_13:15

## ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ

### ၂၀၂၅၊ ဒီဇင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)( ၂.၁၂.၂၀၂၅ )ထိ

| မြို့နယ် | ရေဝတီ ပေါ်ဆန်း |
|---|---|
| ဖျာပုံ | 115000-122000 |
| မြောင်းမြ | 115000-122000 |
| ဒေးဒရဲ | 115000-122000 |
| ဝါးခယ်မ | 115000-122000 |
| ဘိုကလေး | 115000-122000 |
| မော်လမြိုင်ကျွန်း | 115000-122000 |
| လပွတ္တာ | 115000-122000 |
| ကျိုက်လတ် | 115000-122000 |
| ဘုရင့်နောင် | 160000-165000 (ရွှေဘိုပေါ်ဆန်း) |

**Source: MRF**

### ၂၀၂၅၊ ဒီဇင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 5.11.2025 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 |
| 2 | 10.11.2025 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 |
| 3 | 17.11.2025 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 |
| 4 | 24.11.2025 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 |

Source: MRPPA

## ၂၀၂၅၊ ဒီဇင်ဘာလအတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွဲနီ(ရှယ်)(သစ်) | | | ညှော်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 5.11.2025 | 115000 | 112000 | 108000 | 80000 | 75000 | 72000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 2 | 6.11.2025 | 115000 | 112000 | 108000 | 80000 | 75000 | 72000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 3 | 7.11.2025 | 115000 | 112000 | 108000 | 80000 | 75000 | 72000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 4 | 8.11.2025 | 115000 | 112000 | 108000 | 80000 | 75000 | 72000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 5 | 10.11.2025 | 130000 | 125000 | 115000 | 85000 | 80000 | 75000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 6 | 11.11.2025 | 130000 | 125000 | 115000 | 85000 | 80000 | 75000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 7 | 12.11.2025 | 130000 | 125000 | 115000 | 85000 | 80000 | 75000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 8 | 13.11.2025 | 130000 | 125000 | 115000 | 85000 | 80000 | 75000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 9 | 17.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 10 | 18.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 11 | 19.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 12 | 20.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 13 | 21.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 14 | 24.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 15 | 25.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 16 | 26.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 17 | 27.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |
| 18 | 28.11.2025 | 130000 | 125000 | 120000 | 95000 | 85000 | 80000 | 49000 | 48000 | 47000 | 53000 | 52000 | 50000 |

Source: Myanmar Rice

## ၂၀၂၅၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 5.11.2025 | 2100.0 | 64.54 | 294.75 | 1608.02 | 23.69 | 1367.32 |
| 2 | 6.11.2025 | 2100.0 | 64.80 | 294.84 | 1608.64 | 23.70 | 1364.21 |
| 3 | 7.11.2025 | 2100.0 | 64.90 | 294.83 | 1610.49 | 23.68 | 1368.12 |
| 4 | 8.11.2025 | 2100.0 | 64.82 | 294.84 | 1613.77 | 23.68 | 1368.75 |
| 5 | 10.11.2025 | 2100.0 | 64.88 | 294.97 | 1612.10 | 23.67 | 1362.35 |
| 6 | 11.11.2025 | 2100.0 | 64.78 | 294.9 | 1612.04 | 23.68 | 1361.91 |
| 7 | 12.11.2025 | 2100.0 | 64.69 | 295.08 | 1611.23 | 23.69 | 1356.63 |
| 8 | 13.11.2025 | 2100.0 | 65.06 | 295.90 | 1614.64 | 23.69 | 1356.90 |
| 9 | 17.11.2025 | 2100.0 | 64.76 | 295.54 | 1613.58 | 23.69 | 1357.20 |
| 10 | 18.11.2025 | 2100.0 | 64.74 | 295.26 | 1612.22 | 23.70 | 1353.09 |
| 11 | 19.11.2025 | 2100.0 | 64.74 | 295.37 | 1611.29 | 23.73 | 1348.96 |
| 12 | 20.11.2025 | 2100.0 | 64.70 | 295.06 | 1606.36 | 23.69 | 1335.75 |
| 13 | 21.11.2025 | 2100.0 | 64.70 | 295.35 | 1606.79 | 23.67 | 1340.61 |
| 14 | 24.11.2025 | 2100.0 | 64.62 | 295.51 | 1608.64 | 23.52 | 1339.03 |
| 15 | 25.11.2025 | 2100.0 | 64.96 | 295.97 | 1611.23 | 23.53 | 1340.61 |
| 16 | 26.11.2025 | 2100.0 | 65.13 | 296.66 | 1617.56 | 23.52 | 1342.71 |
| 17 | 27.11.2025 | 2100.0 | 65.16 | 296.54 | 1617.87 | 23.51 | 1342.88 |
| 18 | 28.11.2025 | 2100.0 | 65.27 | 296.69 | 1618.50 | 23.47 | 1343.05 |

Source: Central Bank of Myanmar

## ၂၀၂၅၊ ဒီဇင်ဘာလ ဘုရင်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2025 | | (ထိပ်စ) | | |
| 1 | 5.11.2025 | 2633000 | 2645000 | | 4234700 | 2630200–2737400 | 1932100 |
| 2 | 6.11.2025 | 2620000 | 2650000 | | 4234700 | 2630200–2737400 | 1932100 |
| 3 | 7.11.2025 | 2627000 | 2635000 | | 4234700 | 2630200–2737400 | 1932100 |
| 4 | 8.11.2025 | 2600000 | 2635000 | | 4234700 | 2630200–2737400 | 1932100 |
| 5 | 10.11.2025 | 2610000 | 2615000 | | 4234700 | 2630200–2737400 | 1932100 |
| 6 | 11.11.2025 | 2603000 | 2590000 | | 4234700 | 2630200–2737400 | 1932100 |
| 7 | 12.11.2025 | 2624000 | 2602000 | | 4234700 | 2630200–2737400 | 1932100 |
| 8 | 13.11.2025 | 2616000 | 2597000 | | 413360 | 2630200–2737400 | 1932100 |
| 9 | 17.11.2025 | 2608000 | 2590000 | | 413360 | 2630200–2737400 | 1932100 |
| 10 | 18.11.2025 | 2607000 | 2585000 | | 413360 | 2630200–2737400 | 1932100 |
| 11 | 19.11.2025 | 2620000 | 2615000 | | 413360 | 2630200–2737400 | 1932100 |
| 12 | 20.11.2025 | 2616000 | 2607000 | | 413360 | 2630200–2737400 | 1932100 |
| 13 | 21.11.2025 | 2632000 | 2607000 | | 413360 | 2630200–2737400 | 1932100 |
| 14 | 24.11.2025 | 2635000 | 2595000 | | 413360 | 2630200–2737400 | 1932100 |
| 15 | 25.11.2025 | 2662000 | 2545000 | | 413360 | 2630200–2737400 | 1987200 |
| 16 | 26.11.2025 | 2715000 | 1557000 | | 413360 | 2630200–2737400 | 1987200 |
| 17 | 27.11.2025 | 2760000 | 2555000 | | 413360 | 2630200–2737400 | 1987200 |
| 18 | 28.11.2025 | 2749000 | 2555000 | | 413360 | 2630200–2737400 | 1987200 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဒီဇင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 5.11.2025 | 4550100–4877700 | 2550600–2602700 | 2143400–2247500 | 3368100–3472300 | 863500–875700 |
| 2 | 6.11.2025 | 4550100–4877700 | 2550600–2602700 | 2143400–2247500 | 3368100–3472300 | 839000–851200 |
| 3 | 7.11.2025 | 4550100–4877700 | 2550600–2602700 | 2143400–2247500 | 3368100–3472300 | 839000–851200 |
| 4 | 8.11.2025 | 4550100–4877700 | 2550600–2602700 | 2143400–2247500 | 3368100–3472300 | 839000–851200 |
| 5 | 10.11.2025 | 4550100–4877700 | 2550600–2602700 | 2143400–2247500 | 3368100–3472300 | 839000–851200 |
| 6 | 11.11.2025 | 4550100–4877700 | 2550600–2602700 | 2143400–2247500 | 3368100–3472300 | 839000–851200 |
| 7 | 12.11.2025 | 4550100–4877700 | 2550600–2602700 | 2143400–2247500 | 3264000–3368100 | 839000–851200 |
| 8 | 13.11.2025 | 4550100–4877700 | 2550600–2602700 | 2143400–2247500 | 3264000–3368100 | 839000–851200 |
| 9 | 17.11.2025 | 4767500–5419700 | 2550600–2602700 | 2143400–2247500 | 3264000–3368100 | 839000–851200 |
| 10 | 18.11.2025 | 4874600–5419700 | 2550600–2602700 | 2143400–2247500 | 3264000–3368100 | 857300–869600 |
| 11 | 19.11.2025 | 4874600–5419700 | 2550600–2602700 | 2143400–2247500 | 3264000–3368100 | 857300–869600 |
| 12 | 20.11.2025 | 4874600–5419700 | 2550600–2602700 | 2143400–2247500 | 3264000–3368100 | 857300–869600 |
| 13 | 21.11.2025 | 4874600–5419700 | 2550600–2602700 | 2039300–2247500 | 3264000–3368100 | 857300–869600 |
| 14 | 24.11.2025 | 4874600–5419700 | 2550600–2602700 | 2039300–2247500 | 3264000–3368100 | 857300–869600 |
| 15 | 25.11.2025 | 5202300–5637000 | 2550600–2602700 | 2039300–2247500 | 3264000–3368100 | 869600–881800 |
| 16 | 26.11.2025 | 5202300–5637000 | 2550600–2602700 | 2039300–2247500 | 3264000–3368100 | 869600–881800 |
| 17 | 27.11.2025 | 5202300–5637000 | 2550600–2602700 | 2039300–2247500 | 3264000–3368100 | 869600–881800 |
| 18 | 28.11.2025 | 5202300–5637000 | 2550600–2602700 | 2039300–2247500 | 3264000–3368100 | 869600–881800 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ (မတန်/ဒေါ်လာ)

| ပဲအမျိုးအစား | | 5.11.2025 to 7.11.2025 | 10.11.2025 to 13.11.2025 | 17.11.2025 to 21.11.2025 | 24.11.2025 to 28.11.2025 |
|---|---|---|---|---|---|
| မတ်ပဲ (2024-25 Crop) | FAQ | 695-705 | 690-700 | 680-690 | 690-700 |
| | SQ | 770-780 | 765-775 | 755-765 | 765-775 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 800-820 | 795-815 | 785-805 | 795-815 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 900-920 | 895-915 | 885-905 | 895-915 |
| | အခွံပါအခြမ်း | 800-820 | 795-815 | 785-805 | 795-815 |
| ပဲတီစိမ်း (2024-25 Crop) | FAQ (အညာ) | 850-860 | 870-880 | 890-900 | 910-920 |
| | FAQ (ရွှေဝါ) | 1080-1090 | 1080-1090 | 1080-1090 | 1080-1090 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1130-1140 | 1130-1140 | 1130-1140 | 1130-1140 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 1100-1110 | 1100-1110 | 1100-1110 | 1100-1110 |
| | ရွှေဝါအသေး (Under 3.5 mm) | 1020-1030 | 1020-1030 | 1020-1030 | 1020-1030 |
| ပဲတီစိမ်း (2024 -25 Crop) | FAQ ပဲနောက် | 960-970 | 960-970 | 960-970 | 960-970 |
| | SQ ပဲနောက် | 1390-1400 | 1390-1400 | 1390-1400 | 1390-1400 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1115-1135 | 1115-1135 | 1115-1135 | 1115-1135 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 920-940 | 920-940 | 920-940 | 920-940 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 870-890 | 870-890 | 870-890 | 870-890 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 670-680 | 670-680 | 670-680 | 665-675 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 630-640 | 630-640 | 630-640 | 625-635 |
| | အခွံချွတ်အခြမ်း | 970-990 | 970-990 | 970-990 | 965-985 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 710-720 | 710-720 | 710-720 | 710-720 |
| | အခွံချွတ်အခြမ်း | 980-1000 | 980-1000 | 980-1000 | 980-1000 |
| ပဲလွန်းဖြူ | FAQ | 680-690 | 680-690 | 680-690 | 680-690 |
| | SQ | 755-765 | 755-765 | 755-765 | 770-780 |
| | အခွံချွတ်အခြမ်း | 820-840 | 820-840 | 820-840 | 820-840 |
| ပဲလွန်းနီ | FAQ | 680-690 | 680-690 | 680-690 | 680-690 |
| ပဲထောပတ် | FAQ | 540-550 | 540-550 | 540-550 | 555-565 |
| | အခွံချွတ်အခြမ်း | 565-585 | 565-585 | 565-585 | 580-600 |
| ပြောင်းဆန် | | 235-245 | 230-240 | 230-240 | 230-240 |
| နှမ်းဖြူ | | 1095-1105 | 1095-1105 | 1095-1105 | 1115-1125 |
| နှမ်းနက်(စမုန်) | | 2645-2655 | 2645-2655 | 2645-2655 | 2675-2685 |
| နှမ်းညို | | 1030-1040 | 1030-1040 | 1030-1040 | 1030-1040 |
| နှမ်းနက်(ရိုးရိုး) | | 2445-2455 | 2445-2455 | 2445-2455 | 2475-2485 |
| မြေထောက်ပဲ(အနီ)FAQ | | 735-745 | 735-745 | 735-745 | 735-745 |
| မြေထောက်ပဲ(အနီ)SQ | | 845-855 | 845-855 | 845-855 | 845-855 |
| မြေထောက်ပဲ(အဖြူ) | | 845-855 | 845-855 | 845-855 | 845-855 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 735-745 | 735-745 | 735-745 | 735-745 |
| ပဲယင်း(ဝါ) | | 630-640 | 630-640 | 630-640 | 630-640 |
| ပဲယင်း(နီ) | | 640-650 | 640-650 | 640-650 | 640-650 |
| ပဲကြီး | | 1040-1050 | 1040-1050 | 1040-1050 | 1070-1080 |
| ပဲကြီးအခွံချွတ်အခြမ်း | | 1160-1180 | 1160-1180 | 1160-1180 | 1190-1210 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 1050-1060 | 1050-1060 | 1050-1060 | 1050-1060 |
| စွန်တာနီ/ပြာ | | 815-825 | 815-825 | 815-825 | 835-845 |
| မြေပဲ (လုံးဆန်) | | 1355-1365 | 1355-1365 | 1355-1365 | 1355-1365 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၅၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB–YGN)(ဒေါ်လာ/ မက်တန်)

| စဉ် | အမျိုးအစား | 5.11..2025 to 11.11.2025 | 12.11.2025 to 18.11.2025 | 19.11.2025 to 25.11.2025 | 26.11.2025 to 2.12.2025 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 330–335 | 330–335 | 330–335 | 330–335 |
| 2 | Myanmar Long Grain White Rice 10% Broken (90 days) | 340–345 | 340–345 | 340–345 | 340–345 |
| 3 | Myanmar Long Grain White Rice (Emata) 3% Broken (Well Milled Double Polished Sortexed) | 335–340 | 335–340 | 335–340 | 335–340 |
| 4 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 320–330 | 320–330 | 320–330 | 318–330 |
| 5 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 315–320 | 315–320 | 315–320 | 315–320 |
| 6 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 310–315 | 310–315 | 310–315 | 310–315 |
| 7 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 290–300 | 290–300 | 290–300 | 290–300 |
| 8 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 320–330 | 320–330 | 320–330 | 320–330 |
| 9 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 315–320 | 315–320 | 315–320 | 315–320 |
| 10 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 310–315 | 310–315 | 310–315 | 310–315 |
| 11 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 290–300 | 290–300 | 290–300 | 290–300 |
| 12 | Myanmar White Rice 5% Broken (747) (Well Milled Double Polished Sortexed) | 330–340 | 330–340 | 330–340 | 330–340 |
| 13 | Myanmar White Rice 10% Broken (747) (Well Milled Double Polished Sortexed) | 325–330 | 325–330 | 325–330 | 325–330 |
| 14 | Myanmar White Rice 15% Broken (747) (Well Milled Double Polished Sortexed) | 320–325 | 320–325 | 320–325 | 320–325 |
| 15 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | 320–330 | 320–330 | 320–330 | 320–330 |
| 16 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 315–320 | 315–320 | 315–320 | 315–320 |
| 17 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | 310–315 | 310–315 | 310–315 | 310–315 |
| 18 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | 290–300 | 290–300 | 290–300 | 290–300 |
| 19 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | 300–310 | 300–310 | 300–310 | 300–310 |
| 20 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 290–300 | 290–300 | 290–300 | 290–300 |
| 21 | Myanmar Long Grain White Rice(Emata) 15% Broken (Reasonable Well Milled) | 280–290 | 280–290 | 280–290 | 280–290 |
| 22 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 270–280 | 270–280 | 270–280 | 270–280 |
| 23 | Myanmar Long Grain White Rice (GW–11) 5% Broken (Well Milled Double Polished Sortexed) | 320–330 | 320–330 | 320–330 | 320–330 |
| 24 | Myanmar Long Grain White Rice (GW–11) 10% Broken (Well Milled Double Polished Sortexed) | 315–320 | 315–320 | 315–320 | 315–320 |
| 25 | Myanmar Long Grain White Rice (GW–11) 25% Broken (Well Milled Double Polished Sortexed) | 300–310 | 300–310 | 300–310 | 300–310 |
| 26 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 320–330 | 320–330 | 320–330 | 320–330 |
| 27 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 320–325 | 320–325 | 320–325 | 320–325 |
| 28 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 315–320 | 315–320 | 315–320 | 315–320 |
| 29 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 310–315 | 310–315 | 310–315 | 310–315 |
| 30 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 325–330 | 325–330 | 325–330 | 325–330 |
| 31 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 310–315 | 310–315 | 310–315 | 310–315 |
| 32 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 315–320 | 315–320 | 315–320 | 315–320 |
| 33 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 300–310 | 300–310 | 300–310 | 300–310 |
| 34 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 310–320 | 310–320 | 310–320 | 310–320 |
| 35 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 300–310 | 300–310 | 300–310 | 300–310 |
| 36 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 295–300 | 295–300 | 295–300 | 295–300 |
| 37 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 290–295 | 290–295 | 290–295 | 290–295 |
| 38 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 325–330 | 325–330 | 325–330 | 325–330 |
| 39 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 320–325 | 320–325 | 320–325 | 320–325 |
| 40 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 315–320 | 315–320 | 315–320 | 315–320 |
| 41 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 310–315 | 310–315 | 310–315 | 310–315 |
| 42 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Reasonable Well – Milled) | 300–305 | 300–305 | 300–305 | 300–305 |
| 43 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well – Milled) | 280–290 | 280–290 | 280–290 | 280–290 |
| 44 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 450–460 | 450–460 | 450–460 | 450–460 |
| 45 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 330–335 | 330–335 | 330–335 | 330–335 |
| 46 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 320–330 | 320–330 | 320–330 | 320–330 |
| 47 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 315–320 | 315–320 | 315–320 | 315–320 |
| 48 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 305–310 | 305–310 | 305–310 | 305–310 |
| 49 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 440–450 | 440–450 | 440–450 | 437–450 |
| 50 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 430–440 | 430–440 | 430–440 | 430–440 |
| 51 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 440–450 | 440–450 | 440–450 | 438–450 |
| 52 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 430–440 | 430–440 | 430–440 | 430–440 |
| 53 | Myanmar Glutinous Rice 5% Broken (Well Milled) | 490–500 | 490–500 | 490–500 | 490–500 |
| 54 | Myanmar Glutinous Rice 10% Broken (Well Milled) | 480–490 | 480–490 | 480–490 | 480–490 |
| 55 | Myanmar Glutinous Rice 15% Broken (Well Milled) | 470–480 | 470–480 | 470–480 | 470–480 |
| 56 | Myanmar Glutinous Rice 25% Broken (Well Milled) | 460–470 | 460–470 | 460–470 | 460–470 |
| 57 | Myanmar Glutinous Rice 10% Broken (Reasonable Well Milled) | 455–465 | 455–465 | 455–465 | 455–465 |
| 58 | Myanmar Glutinous Rice 25% Broken (Reasonable Well Milled) | 440–450 | 440–450 | 440–450 | 440–450 |
| 59 | Myanmar Brown Rice 5% Broken | 310–320 | 310–320 | 310–320 | 310–320 |
| 60 | Myanmar Brown Rice 10% Broken | 305–310 | 305–310 | 305–310 | 305–310 |

Source: MRF

## ၂၀၂၅၊ ဒီဇင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 5.11.2025 | 60.39 | 64.28 | 191.91 | 4.31 | 244.65 |
| 2 | 6.11.2025 | 59.86 | 63.77 | 192.45 | 4.28 | 244.15 |
| 3 | 7.11.2025 | 59.80 | 63.77 | 197.45 | 4.38 | 252.35 |
| 4 | 8.11.2025 | 59.75 | 63.63 | 194.03 | 4.32 | 248.21 |
| 5 | 10.11.2025 | 60.37 | 64.21 | 195.89 | 4.48 | 249.38 |
| 6 | 11.11.2025 | 60.04 | 63.97 | 196.26 | 4.38 | 249.47 |
| 7 | 12.11.2025 | 60.87 | 64.98 | 200.81 | 4.54 | 257.94 |
| 8 | 13.11.2025 | 58.38 | 62.62 | 194.98 | 4.53 | 246.33 |
| 9 | 17.11.2025 | 59.54 | 63.88 | 199.27 | 4.46 | 249.96 |
| 10 | 18.11.2025 | 59.62 | 63.91 | 197.95 | 4.35 | 253.79 |
| 11 | 19.11.2025 | 60.59 | 64.71 | 198.06 | 4.38 | 269.84 |
| 12 | 20.11.2025 | 59.66 | 63.68 | 193.88 | 4.52 | 267.88 |
| 13 | 21.11.2025 | 58.22 | 62.61 | 190.26 | 4.48 | 249.00 |
| 14 | 24.11.2025 | 57.97 | 62.46 | 188.17 | 4.46 | 243.55 |
| 15 | 25.11.2025 | 58.67 | 63.15 | 188.90 | 4.52 | 241.53 |
| 16 | 26.11.2025 | 58.17 | 62.71 | 186.92 | 4.48 | 237.07 |
| 17 | 27.11.2025 | 58.31 | 62.75 | 188.80 | 4.61 | 232.55 |
| 18 | 28.11.2025 | 59.08 | 63.54 | 192.36 | 4.65 | 232.55 |

Source: Bullionberg Commodities

## ၂၀၂၅၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 5.11.2025 | 3964 | 3971 |
| 2 | 6.11.2025 | 3992 | 3994 |
| 3 | 7.11.2025 | 3999 | 4008 |
| 4 | 8.11.2025 | 4007 | 4015 |
| 5 | 10.11.2025 | 4078 | 4087 |
| 6 | 11.11.2025 | 4146 | 4152 |
| 7 | 12.11.2025 | 4126 | 4133 |
| 8 | 13.11.2025 | 4209 | 4217 |
| 9 | 17.11.2025 | 4086 | 4094 |
| 10 | 18.11.2025 | 4026 | 4034 |
| 11 | 19.11.2025 | 4081 | 4089 |
| 12 | 20.11.2025 | 4071 | 4079 |
| 13 | 21.11.2025 | 4058 | 4067 |
| 14 | 24.11.2025 | 4060 | 4068 |
| 15 | 25.11.2025 | 4145 | 4153 |
| 16 | 26.11.2025 | 4172 | 4179 |
| 17 | 27.11.2025 | 4152 | 4164 |
| 18 | 28.11.2025 | 4188 | 4197 |

Source: Bullionvault,